မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ လူကောင်းလူတော် ရွေးချယ်လို့ ဆန္ဒမဲပေးကြပါစို့။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၄၈)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာမည်ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်



နေပြည်တော် ဒီဇင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ စာမျက်နှာ ၅ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံးထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်)

# ပန်းတိုင်ရည်မှန်းချက်သို့ရောက်ရှိရေးဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့်စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသောလိုအပ်ချက်လေးခုကိုလည်းဖြည့်ဆည်းပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ဒီဇင်ဘာလ ၂၀ ရက်တွင် မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန်သွားရောက်ခဲ့သည်။ မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး နိုင်ငံတော်အနေဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ်အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မင်းဘူးဒေသတွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြပြီး ဆန်ဖူလုံမှုရှိသည့်ဒေသလည်းဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ မင်းဘူးခရိုင်တစ်ခုတည်းအနေဖြင့် စိုက်ပျိုးသီးနှံများပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် ဝင်ငွေလျော့နည်းမှုမှာ ၅၀၀ ဘီလီယံကျော်ခန့်ရှိသည်။ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသ၏စီးပွားရေးကို များစွာပြောင်းလဲသွားစေနိုင်မည်ဖြစ်သည်။ မင်းဘူးဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့်ဝါများစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးမှုဧက ၅ သိန်းခန့်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်ချောထုတ်လုပ်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၀ ရက်က မင်းဘူးမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME)စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **“တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိစေရေး မိမိတို့အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် လက်တွေ့မြေပြင်၌စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသည့်သူများကိုကွင်းဆင်း၍ လိုအပ်ချက်များကိုသုတေသနပြုမေးမြန်းခဲ့ကြောင်း၊ ထိုသို့မေးမြန်းရာတွင် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံကျသောအချက်၊ ဖြည့်ဆည်းပေးရမည့်အချက်များကို ရိုးရှင်းစွာမေးမြန်းခဲ့ကြောင်း၊ မေးမြန်းချက်များအရ မင်းဘူးဒေသတွင် သီးနှံကိုးမျိုးစိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ အားနည်းချက်များတွင် လူများ၏အားနည်းချက်၊ ငွေကြေးအားနည်းချက်ဟူ၍ရှိကြောင်း၊ မြေပြုပြင်ခြင်းတွင် လိုအပ်သည့်ထွန်ယက်မှုများလုံလောက်စွာပြုလုပ်ခြင်း၊ ဓာတ်မြေဩဇာများလိုအပ်မှုရှိပါက သဘာဝမြေဩဇာများထည့်သွင်းခြင်းများကိုဆောင်ရွက်နိုင်ကြောင်း၊ မြေဩဇာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်မှစိုက်ပျိုးရေးချေးငွေများကိုထုတ်ချေးပေးထားကြောင်း၊ ကောက်ကွက်များပြည့်မီအောင်စိုက်ပျိုးရန်အတွက် လိုအပ်သည့်လူများမရရှိနိုင်ပါက Feed Seeder များဖြင့် စနစ်တကျအစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက်များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း”** လမ်းညွှန်ပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်သွင်းအားစုများကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးအတွက်လည်း နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကိုပြည့်မီအောင်မွေးမြူထုတ်လုပ်ရမည်ဖြစ်သည်။ ဒေသအတွင်းမွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွားတို့ကိုလည်းအောင်မြင်အောင်မွေးမြူဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့်အစာလိုအပ်ချက်အတွက်လည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကိုအခြေခံ၍လုပ်ဆောင်ရနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသတွင်နေထိုင်ကြသူများ၊ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသကိုချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကိုလိုလားသည့်စိတ်များဖြင့် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၆

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# မိုးကောင်းမြို့နယ်၌ စားသုံးဆီဖူလုံမှုရှိစေရေး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဒီဇင်ဘာ ၂၁

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဖွံ့ဖြိုးရေးချေးငွေရယူထားသည့် ဆီစက်လုပ်ငန်းရှင်များလုပ်ငန်းလည်ပတ်ထားခြင်း ရှိ၊ မရှိကို ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးပေးထားသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ (မိုးကောင်း)မြို့နယ်ရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာရှိ ဒေါ်ဖြူဖြူဝင်း၏ (ဟိန်းဓနဆန်း)ဆီစက်လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆီစက်လုပ်ငန်းရှင်အား လုပ်ငန်းများအလျင်အမြန် ပိုမိုတိုးချဲ့အောင်မြင်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များနှင့် အားနည်းချက်များကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်၍ လုပ်ငန်းလုပ်ထုံးလုပ်နည်းများနှင့်အတူ ပေါင်းစပ်ဆောင်ရွက်စေလိုကြောင်းကို အကြံပြုဆွေးနွေးပြောကြားကြောင်း သိရသည်။

ရွှေမိုးညှင်း

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဒီဇင်ဘာလဘုရားဖူးရာသီတွင် လာရောက်ဖူးမြော်သူများပြား



ကျိုက်ထို ဒီဇင်ဘာ ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ဒီဇင်ဘာလဘုရားဖူးရာသီတွင် လာရောက်ဖူးမြော်သူများပြားကြောင်း တည်းခိုဆောင်နှင့် ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရသည်။

ဒီဇင်ဘာလသည် ခရီးသွားရာသီဖြစ်သဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်ဖူးမြော်သူများပြားနေခြင်းဖြစ်ကြောင်း သိရသည်။

"ရာသီဥတုအေးအေးချမ်းချမ်းနဲ့ တောင်တက်လို့လည်းကောင်းတော့ ဒီလက ဘုရားဖူးလာရောက်မှုများတဲ့လပါ။ စနေ၊ တနင်္ဂနွေလို ပိတ်ရက်တွေဆို တည်းခိုဖို့ အခန်းမရတဲ့အထိ လာရောက်ဖူးမြော်သူများတာတွေ့ရတယ်။ ဒီဇင်ဘာရုံးပိတ်ရက်ရှည်တွေအတွက်လည်း အခန်းကြိုမှာထားကြတယ်" ဟု ကျိုက်ထီးရိုးတောင်ပေါ်ရှိ တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကပြောသည်။

ဘုရားဖူးလာရောက်သူများအနေဖြင့် ဟိုတယ်၊ တည်းခိုခန်းများအပြင် ဘုရားရင်ပြင်တော်နှင့် စားသောက်တည်းခိုနိုင်သည့် ဆိုင်ခန်းများ၌ပါ တည်းခိုနေရကြောင်း သိရသည်။

"ဒီနှစ်က အရင်နှစ်ထက် ဘုရားဖူးဝင်ရောက်မှုပိုများနိုင်တယ်။ ဒီဇင်ဘာလက ပိတ်ရက်တွေလည်းများတော့ ဘုရားဖူးလာရောက်သူ ပိုများလာနိုင်တယ်" ဟု ၎င်းက ပြောသည်။

ယခုလအတွင်း ကရင်နှစ်သစ်ကူး၊ ခရစ္စမတ်ပိတ်ရက်များအပြင် လာမည့်နှစ်သစ်ကူးကာလတွင်လည်း ဘုရားဖူးလာရောက်သူများပြားနိုင်ကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူပြည်သူများ၏ သွားလာရေး၊ စားသောက်ရေး၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခန့်ခန့်**

# ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)မှ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၃၁၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၁

ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း စားသုံးသူရေးရာဦးစီးဌာန သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲလက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းများ၌ ပြည်ပတင်ပို့မည့် လယ်ယာထွက်ပို့ကုန်သီးနှံများနှင့် ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီများကို ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၃၁၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ပြည်ပမှ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်သွင်းသော နိုင်ငံများအနေဖြင့် အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းများကို နိုင်ငံအလိုက် သတ်မှတ်ထားကြပြီး ထိုသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ပြည်တွင်းမှလယ်ယာထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ခွင့်ရရှိနိုင်သောကြောင့် ယခုကဲ့သို့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"၁၁ လတာကာလအတွင်း ပြည်ပတင်ပို့မယ့် လယ်ယာထွက်ပို့ကုန်သီးနှံတွေနဲ့ ပြည်ပကတင်သွင်းလာတဲ့ စားအုန်းဆီအပါအဝင် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၄၉ မျိုး၊ နမူနာအရေအတွက် ၁၀၈၃ ခုကို ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၃၁၇၇ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် ၅၁ ဦးမှ အပ်နှံလာသော ပြည်ပတင်ပို့မည့် လယ်ယာထွက်ပို့ကုန်သီးနှံများနှင့် ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများအပါအဝင် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၁၂ မျိုး၊ နမူနာအရေအတွက် ၉၆ ခုကို ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၂၆၀ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ ဓာတ်ခွဲစမ်းသပ်ရာတွင် ပြည်တွင်းမှထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့် သီးနှံရူပအရည်အသွေး စသည့်အချက်အလက်များနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ပနိုင်ငံများမှ တင်သွင်းလာသည့် စာအုန်းဆီများ၏ အရည်အသွေးများကိုလည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဆောင်းဦး**

# ငပုတောမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) လျာထားဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ငပုတော ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) လျာထားဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) လျာထားဧက ၂၀၂၄ ဧကကို ယခုနှစ် စက်တင်ဘာလတတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)များ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

''ငပုတောခရိုင်အနေနဲ့ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကို ဧက ၂၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးထားပါတယ်။ လက်ရှိမှာ စိုက်ပျိုးထားတဲ့ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)တွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ဒေသခံတောင်သူတွေ ပူးပေါင်းစိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ တခြားဆောင်းသီးနှံတွေကိုလည်း ဆက်လက်စိုက်ပျိုးနေပါတယ်'' ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းကပြောသည်။

အဆိုပါသစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ကိုစိုက်ပျိုးပြီး မြေဩဇာအဖြစ်အသုံးပြုသည့်အတွက် မြေဆီလွှာစွမ်းရည်နှင့် ဂုဏ်သတ္တိမြင့်မားစေခြင်း၊ မြေဆီလွှာပိုးကျမှုလျော့ကျစေခြင်း၊ ဓာတ်မြေဩဇာများအသုံးပြုမှုကိုလျှော့နည်းစေခြင်း၊ ဓာတ်မြေဩဇာကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာစေခြင်း၊ တောင်သူများဝယ်ယူအသုံးပြုနေသည့် ပုလဲဓာတ်မြေဩဇာ တစ်အိတ်မှ သုံးအိတ်နှင့်ညီမျှသော နိုက်ထရိုဂျင်ဓာတ်ကိုရရှိနိုင်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

**သုတကျော်**



# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

ကျော်ထွန်းညိုသည် ယောင်ယောင်ကန်းကန်း ဖြစ်နေသော သူ၏နှမငယ်အပါအဝင် မိန်းကလေး တစ်သိုက်ကို မသက်မသာကြည့်နေမိသည်။ ရယ်သံ များသည် အမာညိုတို့၏ခြေဖဝါးတွင် ဂျက်လေယာဉ် တပ်ပေးလိုက်ဟန်ရှိသည်။ လေးဦးသား သုတ်ခြေ တင်သွားကြလေသည်။

'ကျောင်းရောက်စတော့ ရှက်သလိုလိုပဲကွ၊ အဲ နောက် လေး၊ ငါးလ နေရင်ကြည့်ပေ့ါ၊ ဘာအရှက်မှ ကျန်တော့မှာမဟုတ်ဘူး၊ အရေတွေ၊ အခေါက်တွေ ထူကုန်ကြရော'

'ကြာတော့လည်း ဘယ်ရှက်နိုင်တော့မလဲဗျ'

'အေးကွ၊ ကြည့်နေပါ နောက်ကျရင် သူတို့က တောင် ငါတို့ကိုပြန်ပြီး ဟားလိမ့်မယ်၊ ကျောင်း ရောက်စ အူတူတူကောင်မလေးတွေ အစတုန်းကပဲ ချစ်ဖို့ကောင်းတယ်၊ စလို့နောက်လို့ကောင်းတယ်၊ ကြာရင်မကောင်းတော့ဘူး'

တင်မောင်ဌေးသည် နောက်ထပ် ရေနွေးကြမ်း တစ်ပန်းကန်ထပ်ထည့်ပြန်သည်။ သူ့ကြည့်ရသည် မှာ ဒီလက်ဖက်ရည်ဆိုင်က ခွာဦးမည့်ပုံ မဟုတ်ပေ။ ကျော်ထွန်းညိုသည် ထမင်းဘူးအဖုံးကိုပြန်ပိတ်ကာ လက်သုတ်ပဝါဆီစွန်းနှင့်ပင် ပြန်ပြီးထုပ်ထားလိုက် သည်။

'ဦးတင်မောင်ရေ၊ သံပရာရည်တစ်ခွက်ပေးပါ၊ ဆယ့်ငါးပြားတန်နော်'

ထတော့မည်ပြုပြီးမှ ရေသောက်ချင်လာသော ကြောင့် သံပရာရည်လှမ်းမှာလိုက်သည်။ ဗိုက်တင်း နေပြီမို့ တစ်မတ်တန်မသောက်တော့ဘဲ ခွက်အသေး ကိုသာမှာလိုက်သည်။ တစ်မတ်တန်ခွက်သည်ကြီး သဖြင့် ကျော်ထွန်းညိုကုန်အောင်သောက်နိုင်မည် မဟုတ်ပေ။

သံပရာရည်ခွက်သည် မည်းနေသည်။ အနားဝ တွင် အမည်းရစ်ထင်နေသော ချေးကြောင်းကိုတွေ့ရ လေသည်။ သို့သော် ကျော်ထွန်းညိုတို့ကျောင်း ရောက်လာကတည်းက ထိုခွက်များနှင့်ပင်သောက် ခဲ့ရပြီးဖြစ်သည်။ ထိုချေးများထဲတွင် ရောဂါပိုးပါမည် ဆိုပါက သူတို့တစ်တွေဗိုက်ထဲသို့ အလုံးအရင်းနှင့် ရောက်နေလောက်ပြီဖြစ်သည်။ သို့သော် မြန်မာများ သည် ကိုယ်ခံအားအလွန်ကောင်းကြသည်။ တော်ရုံ တန်ရုံ ရောဂါဖြစ်လေ့မရှိချေ။

'ဖြည်းဖြည်းသောက်ပါကွ၊ မင်းကလည်း အမော တကော' 'အချိန်ပြောင်းတော့မယ်ဗျ၊ ကျူတိုရီရယ် မဝင်ခင် မရှင်းတာတွေ ဆရာ့သွားမေးချင်သေးတယ်'

ကျော်ထွန်းညိုသည် ရေခဲတုံးလေးများကိုလှုပ်ကာ တစ်ရှိန်ထိုးမော့ချလိုက်သည်။ တင်မောင်ဌေးက နှာခေါင်းရှုံ့၍ကြည့်နေလေသည်။

'မင်း အတော်မိုက်တွင်းနက်တဲ့ကောင်၊ ဘယ်သူ က ရိုက်ပြီးကြိုးစားခိုင်းနေလို့ ဒီလောက်ကြိုးစားနေ ရတာလဲ၊ အခုဟာ တက္ကသိုလ်ကွ၊ စာမရရင် ကိုးတန်း၊ ဆယ်တန်းလို ခုံပေါ်တက်ရပ်ရတာမှမဟုတ်တာ၊ ခုထက်ထိ ဟိုက်စကူးကျောင်းသားစိတ်မပျောက် သေးဘူး၊ မင်းစိတ်ဓာတ်က တက္ကသိုလ်နဲ့ မတန်ဘူး၊ အင်မတန် အောက်တန်းကျတယ်'

တင်မောင်ဌေးက အသံကျယ်ကျယ်နှင့်ပြောသော အခါ တစ်ဆိုင်လုံးဝိုင်းရယ်ကြလေသည်။ ကျော်ထွန်း ညိုက ဘာမှပြန်မပြောချေ။ ဖန်ခွက်ထဲမှ ရေခဲတုံး လေးကို လက်ချောင်းများနှင့်နှိုက်ယူကာ ပါးစပ် ထဲထည့်လိုက်သည်။ သူ့ကိုတုပ၍ပြောနေလျှင် ပြော သူသာရှုံးမည်ဖြစ်သည်။ ကျောင်းတက်ရန်အတင်း ခေါ်ပါကလည်း သူကတော့ကျောင်းကိုပါလာမည် မဟုတ်ချေ။ ကျောင်းတက်ရန်ခေါ်သူကသာ လက်ဖက် ရည်ဆိုင်တွင် အချိန်ကုန်သွားရမည် ဖြစ်လေသည်။

'ကျောင်းခေါ်ချိန် ခုနစ်ဆယ့်ငါးရာခိုင်နှုန်းမပြည့် ရင် စာမေးပွဲမဖြေရဘူးဗျ၊ သိသားနဲ့အစ်ကိုရာ၊ လာ လိုက်ခဲ့ပါလား'

'ပေ့ ဒါကြောင့်မို့ပေ့ါကွ၊ ကျော်ထွန်းညိုရဲ့မှတ် ထား၊ အချိန်လေးချိန်မှာ တစ်ချိန်အပြည့်အဝပြေး ခွင့်ရှိတယ်၊ ဒါဟာ ပါမောက္ခချုပ်အပါအဝင် ဒို့ရဲ့ချစ်လှ စွာသော ဆရာသမားကြီးများက ဒို့ကိုအသုံးချဖို့ ပေးထားတဲ့အခွင့်အရေး'

ကျော်ထွန်းညို ဘာမှထပ်ပြီးပြောရန် မကြိုး စားတော့ပေ။ အိတ်ထဲမှ ပိုက်ဆံဆယ့်ငါးပြားကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ သံပရာရည် ဖိုးဖြစ်သည်။ ထို့နောက် လွယ်အိတ်နှင့်ထမင်းဘူးကို ကောက်ယူလိုက်လေသည်။

'ပေ့ကောင်၊ ငါ့အတွက်ပါ ပေးသွားလေကွာ'

'ပိုက်ဆံမရှိဘူးဗျ၊ အပြန်အတွက် ကားခပဲရှိတော့ တယ်'

တင်မောင်ဌေးက မျက်နှာကိုရှုံ့ကာ ဆေးလိပ် တဖွားဖွား ဖွာနေချိန်တွင် ကျော်ထွန်းညိုသည် ဆိုင်ထဲမှထွက်လာခဲ့သည်။ ဆိုင်၏ရှေ့ဘက်စောင်း စောင်းတွင်ရှိသော မြေလှေကားထစ်လေးများကို ကျော်လွှားပြီးတက်လာခဲ့သည်။

'ပေ့ကောင်၊ သရီးအိုဝမ်းအချိန်ကျရင် ငါ့အတွက် ထူးပေးနော်၊ ငါ တက်ချင်မှတက်ဖြစ်မှာ'

တင်မောင်ဌေးက မမီမကမ်း လှမ်းအော်သည်။

ဆရာက ကျောင်းခေါ်ချိန်ခေါ်သလို ခုံနံပါတ်များကို ခေါ်သည်။ ကျောင်းသားများကထူးရသည်။ ကျောင်း သားက အများ၊ ဆရာက တစ်ဦးတည်းဖြစ်၍ လူတိုင်း ကို မမှတ်မိနိုင်ချေ။ ထို့ကြောင့် တချို့ကျောင်းသား များသည် မလာသောကျောင်းသားများအတွက်ပါ နှစ်ခါ၊ သုံးခါပြန်ပြီး 'ပရဲဆင့်' ဟု အော်ကြရလေ သည်။

စာတိုက်ပုံးနီနီလေးအနားရှိ ထင်းရှူးပင်ပုပုလေး များသည် စိမ်းမြနေသည်။ ထင်းရှူးပင်များကြားတွင် ရောညှပ်ပြီးစိုက်ထားသော ပန်းချယ်ရီတစ်မျိုးသည် ပင်လုံးကျွတ်ပွင့်နေ၏။ သူတို့ရှေ့မှ ကံ့ကော်ပင်လေး များကလည်း ငယ်လှသေးသည်။ အကိုင်းလေးများ သည် မြေကြီးနှင့်ထိလုမတတ် ကိုင်းညွတ်ဝေဆာ နေလေသည်။ အသစ်ဖွင့်သော တက္ကသိုလ်အဆောက် အအုံသစ်ကြီးတွင် အကွက်ချပြီးစိုက်ပျိုးထားသော အပင်ငယ်လေးများဖြစ်၍ မြင်မြင်သမျှသည် သစ်လွင် နုပျိုနေလေသည်။

ကျော်ထွန်းညိုသည် ငေးမောပြီးလျှောက်နေရာမှ မသိမသာ နှာခေါင်းရှုံ့သွားသည်။ လှေကားဘေးရှိ အိမ်သာမှ ကျင်ငယ်နံ့ကို ရှူရှိုက်လိုက်ရသောကြောင့် ဖြစ်သည်။ အနံ့မှလွတ်လိုလွတ်ငြားလှေကားကို တစ်ထစ်ကျော်နင်းကာ ခပ်သွက်သွက်လှမ်းပြီးတက် လိုက်သည်။ ထို့ကြောင့် အပေါ်ဘက်မှ ဆင်းလာသူ တစ်ဦးနှင့် ရင်ဆိုင်တိုက်မိတော့မလိုဖြစ်သွားလေသည်။

'စုလှိုင်'

ကျော်ထွန်းညိုသည် ကမန်းကတန်း ကိုယ်ရှိန် သတ်လိုက်ရင်း ထိုအမည်ကို ခေါ်လိုက်မိသည်။ စုလှိုင်သည် လှေကားလက်ရန်းလေးကို ခပ်လျော့ လျော့လေးကိုင်ကာ သူ့လက်ထဲမှလွတ်ကျသွားသော စာအုပ်လေးကို ငုံ့ကြည့်နေသည်။ ကျော်ထွန်းညို သည် စာအုပ်လေးကို ကမန်းကတန်းကုန်းကောက် ကာ လှမ်းပေးလိုက်သည်။

'စုလှိုင်၊ ကျွန်တော့ကို မမှတ်မိဘူးလား' 'မှတ်မိပါ တယ် ကိုကျော်ထွန်းညို'

စုလှိုင်သည် သူစိမ်းဆန်သောမျက်လုံးများနှင့် ကျော်ထွန်းညိုကိုကြည့်ရင်း နှုတ်ခမ်းလေးများကမှု ပြုံးလာသည်။

'ကတ်တယ် ကတ်၊ ဒီအခန်းကို ဆင်ဆာကတ်တယ်၊ မကြိုက်ဘူး' 'ဟိတ်၊ ကောင်မလေးကို လွှတ်လိုက်'

စာသင်ခန်းထဲမဝင်သေးဘဲ စင်္ကြံတွင်ရပ်နေကြ သော ကျောင်းသားများက ဝိုင်းအော်ကြသည်။ ကျော်ထွန်းညို၏မျက်နှာသည် ရဲခနဲဖြစ်သွားပြီး စုလှိုင်ကို အားနာစွာကြည့်မိသည်။ စုလှိုင်ကမူ အပြုံးမပျက်ချေ။

'အောင်မလေး၊ မောင်ကျော်ထွန်းညိုရဲ့လေး၊ ငါ့ အသည်းကို မခွဲပါနဲ့လား ဟေး ဟေး၊ သူကလေးဟာ ငါ့အတွက်ကွယ်၊ အို မင်းမသေမချင်းမှတ်ထား'

တစ်စုံတစ်ဦးက ငိုချင်းချလိုက်သည်။ ဝါးခနဲရယ် လိုက်သောအသံကြီးသည် ကျောင်းကြီးပင်ပွင့်ထွက် သွားမတတ် ကျယ်လောင်လှသည်ဟု ကျော်ထွန်းညို ထင်မိသည်။

'သွားမယ်နော်'ကျော်ထွန်းညိုက နှုတ်ဆက်သော အခါ စုလှိုင်က ခေါင်းလေးမသိမသာညိတ်ပြသည်။ ဝိုင်းဝန်းပြောင်နောက်နေသောအသံများကို လုံးဝ အမှုထားပုံမရချေ။

စုလှိုင်က လှပစွာလျှောက်သွားချိန်တွင် ကျော်ထွန်း ညိုသည် အပေါ်ထပ်သို့ဆက်တက်ခဲ့သည်။ ရင်ထဲ တွင်လှုပ်ခါနေသည်။ နားထဲတွင်လည်း ကြားရသမျှ အသံများက ဝါးနေသည်။

'ဖိုးစွံကွ၊ ဖိုးစွံ'

အပေါ်ဘက်မှငုံ့ကြည့်နေကြသော မောင်မောင် လေးတို့လူစုက အော်ကြပြန်သည်။ ကျော်ထွန်းညို သည် သူတို့ကိုမော့ကြည့်မိစဉ် ကိုယ့်ပုဆိုးစ ကိုယ် တက်နင်းကာ ဟပ်ထိုးလဲတော့သည်။ ဝါးခနဲ ရယ်လိုက်ကြသော အသံကြီးသည် သူ့နားထဲသို့ အလုံးလိုက်အရင်းလိုက် ပြေးဝင်လာပြန်လေသည်။

■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

---

## ဒေးဒရဲမြို့နယ်၌ ဘေးကျားတောင်ပျံလေးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် ရေဆင်းပေါ်ဆန်းစံပြကွက်စိုက်ပျိုးပြသ



ဒေးဒရဲ ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ တောင်သူများ စပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ် နိုင်ရန်ရည်ရွယ်၍ နွေစပါးစိုက်ပျိုးရာသီ တွင်ဘေးကျားတောင်ပျံလေးမျိုး ယှဉ်ပြိုင် စမ်းသပ်ကွက်နှင့် ရေဆင်းပေါ်ဆန်း (၁) စိုက်ခင်း စံပြကွက်စိုက်ပျိုးပြသခြင်းကို ဒီဇင်ဘာလ ၂၀ ရက်က ငွကလေးကျေးရွာ အုပ်စု ရှမ်းစုကျေးရွာ ကွင်းအမှတ် (၂၀၇) ဦးပိုင်အမှတ်(၁၀/၄)ရှိ တောင်သူ ဦးကျော်ဝင်းသန်း၏ လယ်ယာမြေ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသ မျိုးရင်းဖြစ်ပြီး နွေရာသီနှင့် မိုးရာသီတွင် စိုက်ပျိုးနိုင်သည့် ဘေးကျားတောင်ပျံ မျိုးစပါးနှင့် ရေဆင်းပေါ်ဆန်း(၁) စပါး မျိုးစေ့ထုတ်ဧကများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်၍ မျိုးများဖြန့်ဖြူးပေးနိုင် ရေးဆောင်ရွက်ကြရန် ပြောကြားသည်။

ဒေးဒရဲမြို့နယ်၌ နွေစပါး ဧက ၇၇၇၃၀၊ ဆောင်းနေကြာ ဧက ၉၂၀၀ နှင့် ဆီပဲပုပ် ဧက ၁၀၀ စိုက်ပျိုးလျက်ရှိကြောင်း သိရ သည်။

အဆိုပါအခမ်းအနားသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦး နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်း မောင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဝင်များ၊ ဒေသခံတောင်သူများ တက် ရောက်ကြကြောင်း သိရသည်။**အေဇာလင်း**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**❖ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်၍ တာဝန်ထမ်းဆောင်ကြရမည်ဖြစ် . . .**

**❖ ထုတ်ကုန်များထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်တွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းမွန်လာစေနိုင်မည်ဖြစ် . . .**

**❖ ပြည်ခရိုင်အတွင်း စားသုံးဆီဖူလုံမှုမှာ ၅၀၀ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရှိရပြီး ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက် . . .**

**❖ ဆန္ဒမဲများပေးရာတွင် လူရွေးချယ်မှုမှန်ကန်ရန်လိုပြီး နိုင်ငံတော်မှလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုယုံကြည်ပါက မဲစာရင်းတွင်ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန်လို . . .**

☆ **ရှေ့ဖုံးမှအဆက်**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ**

ဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး ဇုန်အလိုက်သတ်မှတ်၍ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိမှု၊ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရေး နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။


ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ခရိုင်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် ဥယျာဉ်ခြံမြေသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ ဆီထွက်သီးနှံနှမ်းအား ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း စိုက်ပျိုးရေတိုးတက်လွှမ်းခြုံဖြန့်ဝေပေးဝေနိုင်မှု၊ ပြည်ပပို့ကုန်ဈေးကွက်သစ်ရရှိရေးအတွက်ပေါ်ဆန်းမွေးမျိုးစပါးအား စမ်းသပ်စိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိမှုနှင့် ဆီဖူလုံမှု၊ ခရိုင်အတွင်း အသား၊ ဥ၊ နို့ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ဖူလုံမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါးထုတ်လုပ်မှုနှင့်ဖူလုံမှု၊ တိုင်းဒေသကြီးအတွင်း လိုအပ်ချက်ရှိသည့်နေရာများ၌ ပညာရေးဝန်ထမ်းများ ဖြည့်တင်းခန့်အပ်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖများက နိုင်ငံတော်အနေဖြင့် ပြည်မြို့ကမ်းနားလမ်းတစ်လျှောက်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိမှု၊ ပြည်မြို့ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပေးစေလိုမှု၊ ရထားခရီးစဉ်ပြေးဆွဲမှုအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှချေးငွေများ ထပ်မံချထားပေးစေလိုမှု၊ ပြည်မြို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုအထိတိုက်အားတိုက်ဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်းဆီစက်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချမှတ်ပေးထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်၍လည်း ဈေးကွက်ဝေစုပိုမိုရရှိရေး၊ လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်မူဝါဒများကို ဆက်လက်လမ်းညွှန်ပေးစေလိုမှု၊ ပြည်တွင်းခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

**တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား**

ငင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်တို့က ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တစ်ဝှမ်းတည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၂ ခုနှစ်မှစ၍ ယခုနှစ်အထိ နှစ်အလိုက် အမှုအခင်းများဖြစ်ပွားမှုနှင့် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသည်ကို တွေ့ရှိရမှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုမှ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားရန်လိုအပ်မှု၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို အင်ပြည့်အားပြည့်ဆောင်ရွက်သွားနိုင်ရေးစီမံထားရှိမှု၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူကိုဗဟိုပြုသည့် လုံခြုံရေးစနစ်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှလည်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့်ပူးပေါင်းပါဝင်မှုများကို ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုမှု၊ သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအတွင်း စနစ်တကျဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေး၊ ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့ဟောင်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၊ ကျုံးများပြန်လည်တူးဖော်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဆီစက်လုပ်ငန်းများမှ ထွက်ရှိလာသည့် ကြိတ်ဖတ်များသည် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တိရစ္ဆာန်အစာများတင်သွင်းနေမှုကိုလျှော့ချနိုင်မှု၊ ဆီစက်လုပ်ငန်းများအဆင့်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် ငွေကြေးများအား နိုင်ငံတော်မှ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ပြည်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ဆက်လက်တူးဖော်ထွက်ရှိနိုင်မှု၊ ပြည်ရေနံမြေမှ ရေနံထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မှုနှင့် ပြည်တောင်တန်းရေနံမြေမှ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ပြည်ဒေသတွင် နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ်အဆောက်အဦများရှိမှု၊ အခြေခံအရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုမှုတို့နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်သို့ **စာမျက်နှာ ၆ သို့** ☆

**စာမျက်နှာ ၆ သို့** ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီးတည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်စဉ်။

☆ စာမျက်နှာ ၅ မှအဆက်

တင်ပြဆောင်ရွက်သွားရန်လိုသည်များကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိတို့စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ပညာရေးဝန်ထမ်းအများစုသည် လုပ်ငန်းခွင်စွန့်ခွာမှုများကို သစ္စာမဲ့စွာဖြင့် လုပ်ဆောင်ခဲ့ကြသောကြောင့် နိုင်ငံအတွင်း ပညာရေးဝန်ထမ်းများလိုအပ်ချက်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အချို့ ပညာရေးဝန်ထမ်းများအနေဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ ဖိအားပေးခံရမှု၊ နိုင်ငံရေးဝါဒမှိုင်း ရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းခွင်စွန့်ခွာခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ထိုသို့စွန့်ခွာခဲ့ရသူများအား အခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်သတင်းပို့သူများကို လုပ်ငန်းခွင်စွန့်ခွာသူများစာရင်းမှ ပယ်ဖျက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်၍ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စွန့်ခွာမှုများကို ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများက အများဆုံးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှု အခက်အခဲအကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများကြောင့်ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာရေးဝန်ထမ်းလိုအပ်ချက်များ စသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ကျော်လွှားခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းကြရန်လိုပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ကြရန်လိုကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့်လည်း အင်တိုက်အားတိုက်တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသည့် အဖွဲ့အစည်းများအပြင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီးတည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပါဝင်မှသာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်ရေးနှင့် သန့်ရှင်းမှုရှိစေရေး **စာမျက်နှာ ၇ သို့** ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက်(ခ)သုံးပန်လှကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၆ မှအဆက်**

ကြပ်မတ်ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ထမ်းများအပြင် စည်းနှင့်ကမ်းနှင့် သုံးစွဲတတ်သည့်၊ နေထိုင်သွားလာတတ်သည့် လူ့ဘောင်အဖွဲ့အစည်းနှင့်လူ့အသိုက်အဝန်းများဖြစ်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများကတည်းကပင် အခြေခံစည်းကမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကပင်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး စည်းကမ်းကောင်းမွန်ရေးအတွက်အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီး သန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ခရီးသွားကဏ္ဍတွင် တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှု၊လက်ဆောင်ပစ္စည်းများရောင်းချခြင်း စသည်တို့ပါဝင်နေကြောင်း၊ ပြည်တွင်းခရီးသွားလာမှုတွင် ဘုရားဖူးခရီးသွားခြင်းသည် အများဆုံးဖြစ်ကြောင်း၊ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကိုဆောင်ရွက်ခြင်းဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်လိုကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ဒေသ၏ အထင်ကရနေရာများ၊ ဒေသ၏သာယာလှပမှုများကို ခံစားလည်ပတ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အဦများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် ဒေသသာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်း ရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ ဒေသသာယာလှပရေးအတွက် မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင်ဒေသခံများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြစ်ရန်၊ ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်း၊ ဥပဒေများအတိုင်း လိုက်နာနေထိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာမှုမရှိဘဲ ကျော်လွန်လုပ်ဆောင်ခဲ့မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non–Trade Income များရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်းတို့ကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသနှင့် နိုင်ငံတော်၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးအားကိုမြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ရွှေသီးဖို့ကုန်ထုတ်လုပ်မှု အားပေးစို့ ဆိုသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်တွင်းမှထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအား ကောင်းမွန်လာစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များ အများအပြားချမှတ်ဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များရှိခဲ့သကဲ့သို့ မျှော်မှန်းသည့်အတိုင်း ဖြစ်မလာခဲ့သည်များလည်း ရှိကြောင်း၊ ထို့ပြင် ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များ၌ အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှု အားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာမှုများ၊ သယံဇာတများ ခိုးထုတ်ခံရမှုများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းမှုများလည်း ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်များလည်း ရှိခဲ့ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ ထွက်ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသူများကို မြေပြင်ကွင်းဆင်း၍ လိုအပ်ချက်များ သုတေသနပြုမေးမြန်းခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းလာမည်ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ ပြည်ခရိုင်အတွင်း စားသုံးဆီဖူလုံမှုမှာ ၅၀၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပြီး ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပစ္စည်းအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်သကဲ့သို့ ထုပ်ပိုးမှုစနစ်များကိုလည်း အဆင့်မီစွာဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း MSME လုပ်ငန်းများမှ ထွက်ရှိသည့်ထုတ်ကုန်များဖြင့် ပြည်ပသွင်းကုန်များကိုအစားထိုးနိုင်ရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများရှိပြီး ဝါများမှတစ်ဆင့် အရည်အသွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများကိုဆောင်ရွက်၍အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ခရိုင်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်း ဖူလုံမှုမှ ပိုလျှံသည်များကို ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့ရောင်းချနိုင်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး**

မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ **ဆန္ဒမဲများပေးရာတွင်လည်း နိုင်ငံနှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာဆောင်ရွက်နိုင်သူ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်ရှိနေသရွေ့တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့်လက်တွဲဆောင်ရွက်နိုင်သည့် သူများဖြစ်ရန်လို**ကြောင်း၊ သို့ဖြစ်၍ ဆန္ဒမဲများပေးရာတွင် လူရွေးချယ်မှုမှန်ကန်ရန်လိုပြီး နိုင်ငံတော်မှလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်ပါက မဲစာရင်းတွင်ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန် လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံးထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဗွတ္တာဘောင်မင်းကြီး တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရ စေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီသို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက စေတီတော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရှေးဟောင်းအမွေအနှစ် လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အဦများသည် တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များ ဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စေတီတော်ကြီးလုံးပတ်တော်ပေါ်၌ သစ်ပင်ငယ်များပေါက်ရောက်နေခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ်ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ စေတီတော်ပရိဝုဏ်နှင့် အနီးတစ်ဝိုက်တွင် ချုံနွယ်များအားရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်မြို့၊ မှော်ဇာကျေးရွာအုပ်စု၊ သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက်(ခ) သုံးပန်လှကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# မြောက်ဥက္ကလာပမြို့နယ်၌ အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီး အသက် ၁၈ နှစ်အောက် မာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၂၁ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့စုရပ်မှ စတင်သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက နေရာယူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက ခရာမှုတ်တာလွှတ်ပေးပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက ခေမာသီလမ်းမကြီးမှ သုခမ္မာလမ်းမကြီး၊ ထိုမှ ကန်သာယာလမ်းဆုံမှတစ်ဆင့် ခေမာသီလမ်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ဆုရရှိသည့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ဒီဇင်ဘာ လူထုအားကစားလ အထိမ်းအမှတ် ၅ ကီလိုမီတာ အမျိုးသား၊ အမျိုးသမီးအသက် ၁၈ နှစ်အောက် မာရသွန်အပြေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ပေးအပ်ပြီး စုစုပေါင်းပြိုင်ပွဲ ဝင် ၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# အမျှင်ဓာတ်နှင့်ကျန်းမာရေး



အမျှင်ဓာတ်သည် လူတို့အတွက်အရေးကြီးသော အာဟာရဓာတ်တစ်မျိုးဖြစ်သည်။ အမျှင်ဓာတ်သည် သွေးတွင်းသကြားဓာတ်ကိုထိန်းပေးခြင်း၊ အစာအိမ်အူလမ်းကြောင်းကို ကောင်းမွန်စေခြင်း၊ ဝမ်းချုပ်ခြင်းမှကာကွယ်ပေးခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။

နေ့စဉ်စားသုံးသင့်သည့် အမျှင်ဓာတ်မှာ အမျိုးသမီးများအတွက် ၂၅ ဂရမ်ဖြစ်ပြီး အမျိုးသားများအတွက် ၃၈ ဂရမ်ဖြစ်သည်။ အမျှင်ဓာတ်များသောအစားအစာများကို မိမိပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သည်။ အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများနှင့်ပတ်သက်၍ ဖော်ပြလိုက်ပါသည်။

**သစ်တော်သီး**

သစ်တော်သီးသည် အာဟာရဓာတ်ကြွယ်ဝပြီး အရသာကောင်းမွန်သည်။ အမျှင်ဓာတ်ပါဝင်မှုအနေဖြင့် အလယ်အလတ်အရွယ်သစ်တော်သီးတစ်လုံးတွင် ၅ ဒသမ ၅ ဂရမ်ပါဝင်သည်။ သစ်တော်သီး ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၃ ဒသမ ၁ ဂရမ်ပါဝင်သည်။

**စတော်ဘယ်ရီ**

စတော်ဘယ်ရီတွင် ဗီတာမင်-C၊ မဂ္ဂနိစ်နှင့် တခြားဓာတ်တိုးဆန့်ကျင်ပစ္စည်းပေါင်းများစွာပါဝင်သည်။ စတော်ဘယ်ရီ ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၂ ဂရမ်ပါဝင်ပြီး ကယ်လိုရီနည်းသည်။

**ထောပတ်သီး**

ထောပတ်သီးသည် ကာဗိုဟိုက်ဒရိတ်နည်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည်။ ဗီတာမင်-C၊ ပိုတက်ဆီယမ်၊ ဗီတာမင်-E၊ ဗီတာမင်-B နှင့် အမျှင်ဓာတ်များစွာပါဝင်သည်။ ထောပတ်သီးဖျော်ရည်တစ်ခွက်စာတွင် အမျှင်ဓာတ် ၁၀ ဂရမ်ပါဝင်သည်။ ထောပတ်သီး ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၆ ဒသမ ၇ ဂရမ်ပါဝင်သည်။

**ပန်းသီး**

ပန်းသီးအနေတော်အရွယ်အစားတစ်လုံးတွင် အမျှင်ဓာတ် ၄ ဒသမ ၄ ဂရမ်ပါဝင်သည်။ပန်းသီး ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၂ ဒသမ ၄ ဂရမ်ပါဝင်သည်။

**ရက်စ်ဘယ်ရီ**

ရက်စ်ဘယ်ရီသီးတွင် အာဟာရဓာတ်များစွာပါဝင်သကဲ့သို့ အရသာလည်း နှစ်လိုဖွယ်ဖြစ်သည်။ ဗီတာမင်-C နှင့် အမျှင်ဓာတ်ကြွယ်ဝသည်။ ရက်စ်ဘယ်ရီ ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၆ ဒသမ ၅ ဂရမ်ပါဝင်သည်။

**ငှက်ပျောသီး**

ငှက်ပျောသီးတွင် အမျှင်ဓာတ်၊ ဗီတာမင်-C၊ ဗီတာမင်-B6 နှင့် ပိုတက်ဆီယမ် စသည့် အာဟာရဓာတ်များပါဝင်သည်။ ငှက်ပျောသီးတွင်ပါဝင်သော အမျှင်ဓာတ်သည် မချေဖျက်နိုင်သည့် ကာဗိုဟိုက်ဒရိတ်အမျိုးအစားဖြစ်သည်။ ငှက်ပျောသီး ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၂ ဒသမ ၆ ဂရမ်ပါဝင်သည်။

**မုန်လာဥနီ**

မုန်လာဥနီသည် ဗီတာမင်-K၊ ဗီတာမင် B6၊ မဂ္ဂနီဆီယမ်၊ ဘီတာကယ်ရိုတင်း စသည့်အာဟာရဓာတ်များ ပါဝင်သည်။ မုန်လာဥနီ ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၂ ဒသမ ၈ ဂရမ်ပါဝင်သည်။

**ပန်းပွင့်စိမ်း**

ပန်းပွင့်စိမ်းသည် ဗီတာမင်-C ၊ ဗီတာမင်-K၊ ဖောလိတ်၊ ပိုတက်ဆီယမ်၊ သံဓာတ်၊ ပရိုတင်းစသည်တို့ပါဝင်သည်။ ပန်းပွင့်စိမ်း တစ်ခွက်စာတွင် အမျှင်ဓာတ် ၂ ဒသမ ၄ ဂရမ်ပါဝင်ပြီး ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၂ ဒသမ ၆ ဂရမ်နှုန်းပါဝင်သည်။

**"အမျှင်ဓာတ်ဆိုသည်မှာ ခန္ဓာကိုယ်မှမချေဖျက်နိုင်သော အပင်နှင့် တခြားအစားအစာများမှရရှိသောအစိတ်အပိုင်းများကို ခြုံငုံခေါ်ဝေါ်ခြင်းဖြစ်သည်။ အမျှင်ဓာတ်များကို မချေဖျက်သည့်အခါ အမျှင်ဓာတ်များသည် အူလမ်းကြောင်းတစ်လျှောက် ဆင်းသက်သွားပြီး အစာအိမ်အူလမ်းကြောင်းကိုအကျိုးပြုသည်။ အူထဲမှ ရေများကိုထိန်းပြီး ဝမ်းချုပ်ခြင်းပြဿနာများကို ကာကွယ်ပေးသည်။ အမျှင်ဓာတ်ကိုစားသုံးသည့်အခါ အစားအသောက်တစ်မျိုးတည်းမဟုတ်ဘဲ မျိုးစုံစားသင့်သည် . . ."**

**ပဲနီလေး**

ပဲနီလေးသည် အာဟာရပြည့်ဝစွာစားသုံးနိုင်သော အစားအသောက်ဖြစ်သည်။ ပရိုတင်းနှင့်အမျှင်ဓာတ်ကြွယ်ဝသည်။ ချက်ပြီးသားပဲနီလေးတစ်ခွက်စာတွင် အမျှင်ဓာတ် ၁၅ ဒသမ ၆ ဂရမ် သို့မဟုတ် ပဲနီလေး ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၇ ဒသမ ၉ ဂရမ်ပါဝင်သည်။

**ချီယာစေ့**

ချီယာစေ့သည် အာဟာရဓာတ်သိပ်သည်းစွာပါဝင်သည်။ အထူးသဖြင့် အမျှင်ဓာတ်များစွာကြွယ်ဝသည်။ အခြောက်ခံထားသည့် ချီယာစေ့တစ်အောင်စတွင် အမျှင်ဓာတ် ၁၀ ဒသမ ၆ ဂရမ်ပါဝင်သည်။ ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၃၄ ဒသမ ၄ ဂရမ်ပါဝင်သည်။

**ကန်စွန်းဥ**

ကန်စွန်းဥသည် အရသာကောင်းမွန်ပြီး အာဟာရဓာတ်ကောင်းစွာရရှိသောအစားအစာဖြစ်သည်။ ဗီတာမင်-B နှင့် တခြားသတ္တုဓာတ်များပါဝင်သည်။ ကန်စွန်းဥ ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၂ ဒသမ ၅ ဂရမ်ပါဝင်သည်။

**အနက်ရောင်ချောကလက်**

အနက်ရောင်ချောကလက်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အာဟာရဓာတ်များစွာပါဝင်သည်။ ချောကလက်တစ်အောင်စတွင် အမျှင်ဓာတ် ၃ ဒသမ ၁ ဂရမ် သို့မဟုတ် ချောကလက် ၁၀၀ ဂရမ်တွင် အမျှင်ဓာတ် ၁ ဒသမ ၉ ဂရမ်ပါဝင်သည်။ ကိုကိုးပါဝင်မှု (၇၀-၉၅) ရာခိုင်နှုန်းပါဝင်သော အနက်ရောင်ချောကလက်ဖြစ်ရန်လိုအပ်သည်။

အမျှင်ဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် အရေးကြီးသော အာဟာရဓာတ်ဖြစ်သည်။ အစာအိမ်အူလမ်းကြောင်းကို အကျိုးပြုခြင်း၊ သွေးတွင်းသကြားဓာတ်ကိုထိန်းပေးခြင်း စသည့်အကျိုးကျေးဇူးများကြောင့် အမျှင်ဓာတ်ပါဝင်သော အစားအစာများကို နေ့စဉ်စားသုံးပေးသင့်သည်။

ယေဘုယျအားဖြင့် အမျှင်ဓာတ်သည် အောက်ပါအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်။ ကိုယ်အလေးချိန်ကျစေခြင်း၊ ကိုလက်စထရောနှင့် သွေးတွင်းသကြားဓာတ်ကျစေခြင်း၊ လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း၊ ဆီးချိုကိုကာကွယ်ပေးခြင်း၊ အစာအိမ်အူလမ်းကြောင်းလှုပ်ရှားမှုကိုကောင်းမွန်စေခြင်း၊ အစာအိမ်အူလမ်းကြောင်းမှ အကျိုးပြုဗက်တီးရီးယားများကိုအားပေးခြင်းစသည်တို့ဖြစ်သည်။

အမျှင်ဓာတ်ဆိုသည်မှာ ခန္ဓာကိုယ်မှ မချေဖျက်နိုင်သော အပင်နှင့်တခြားအစားအစာများမှရရှိသော အစိတ်အပိုင်းများကို ခြုံငုံခေါ်ဝေါ်ခြင်းဖြစ်သည်။ အမျှင်ဓာတ်များကို မချေဖျက်သည့်အခါ အမျှင်ဓာတ်များသည် အူလမ်းကြောင်းတစ်လျှောက် ဆင်းသက်သွားပြီး အစာအိမ်အူလမ်းကြောင်းကိုအကျိုးပြုသည်။ အူထဲမှ ရေများကိုထိန်းပြီး ဝမ်းချုပ်ခြင်းပြဿနာများကို ကာကွယ်ပေးသည်။ အမျှင်ဓာတ်ကို စားသုံးသည့်အခါ အစားအသောက်တစ်မျိုးတည်းမဟုတ်ဘဲ မျိုးစုံစားသင့်သည်။ အမျှင်ဓာတ်အကောင်းဆုံးရရှိရန် ကယ်လိုရီများမစားဘဲ အမျှင်ဓာတ်ကြွယ်ဝသော အစားအသောက်များကို ဦးစားပေးစားသောက်ရန် လိုအပ်သည်။

ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများနှင့်အပင်များမှ ထုတ်လုပ်ထားသော အစားအစာများမှာ အမျှင်ဓာတ်ကြွယ်ဝသည်။ အမျှင်ဓာတ်သည် ကာဗိုဟိုက်ဒရိတ်အမျိုးအစားဖြစ်ပြီး အဓိကပုံစံသုံးမျိုးရှိသည်။ ပျော်ဝင်နိုင်သောအမျိုးအစား၊ မပျော်ဝင်နိုင်သောအမျိုးအစားနှင့် အချဉ်ဖောက်ထားသည့်အမျိုးအစားတို့ဖြစ်သည်။

ရေတွင်မပျော်ဝင်နိုင်သောအမျှင်ဓာတ်များမှာ အစာချေဖျက်သည့်ဖြစ်စဉ်၌ မတူညီသည့်ပုံစံဖြင့်ပါဝင်သည်။ အစာဟောင်းများကိုစုဝေးပြီး မြန်ဆန်စွာရွေ့လျားနိုင်အောင်ကူညီပေးသည်။ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။ အမျှင်ဓာတ်ကောင်းရရှိစေရန် အသီးအနှံဖျော်ရည်လုပ်၍ သောက်မည့်အစား အသီးတစ်လုံးစားပေးသင့်သည်။ သရေစာစားမည့်အစား အသီးအနှံစားသင့်သည်။ ပဲအမျိုးမျိုး နေ့စဉ်စားသင့်သည်။ အမျှင်ဓာတ်များသောအစားအစာစားပြီးလျှင် ရေများများသောက်သင့်သည်။

အမျှင်ဓာတ်များလွန်းလျှင် ဘေးထွက်ဆိုးကျိုးလည်းရှိနိုင်သည်။ လေပွခြင်း၊ ဗိုက်ကယ်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်းတို့ဖြစ်တတ်သည်။

အစာအိမ်အူလမ်းကြောင်းရောဂါမရှိဘဲ အထက်ပါလက္ခဏာများရှိသည်ဆိုလျှင် အမျှင်ဓာတ်စားသုံးမှုလျှော့ချသင့်သည်။ ထို့ပြင် အမျှင်ဓာတ်များလွန်းလျှင် အရေးကြီးသောသတ္တုဓာတ်ဖြစ်သည့် ကယ်လ်စီယမ်၊ သံဓာတ်၊ ဇင့်စသည့်သတ္တုဓာတ်များကို ခန္ဓာကိုယ်မှစုပ်ယူမှုနည်းသွားစေသည်။

ဆိုးရွားလွန်းသည့် အခြေအနေတွင် အစာကောင်းစွာရွေ့လျားခြင်းမရှိဘဲ အူလမ်းကြောင်းပိတ်ဆို့သည်အထိ ဖြစ်ပွားတတ်သည်။

**ကောက်နှံတစ်ခုလုံးပါဝင်စာ**

မိမိ၏နံနက်စာတွင် ကောက်နှံတစ်ခုလုံးပါဝင်ခြင်း သို့မဟုတ် အုတ်ဂျုံတစ်ခွက်စားသုံးခြင်းကြောင့် အမျှင်ဓာတ် ၃ ဂရမ်ရရှိနိုင်သည်။

**ဟင်းသီးဟင်းရွက်**

တစ်နေ့ကို ဟင်းသီးဟင်းရွက် ခွက်တစ်ဝက်စာစားမည်ဆိုလျှင် အမျှင်ဓာတ် ၁ ဒသမ ၂ ဂရမ်ရရှိနိုင်သည်။ ဟင်းသီးဟင်းရွက်များများစားဖြစ်ရန် ကြက်ဥကြော်ထဲထည့်စားခြင်း၊ ဆင်းဒဝှစ်ထဲညှပ်စားခြင်း၊ စွပ်ပြုတ်ထဲထည့်စားခြင်းမျိုးပြုလုပ်သင့်သည်။

**သစ်သီးခြောက်**

ဆီးသီးခြောက်က အစာချေဖျက်မှုကိုအားပေးသည်။ ဆီးသီးခြောက် ခွက်တစ်ဝက်စာစားသုံးပါက အမျှင်ဓာတ် ၃ ဒသမ ၈ ဂရမ်ရရှိနိုင်သည်။ သစ်သီးခြောက်အများစုတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည်။ စွန်ပလွံသီးခြောက်၊ စပျစ်သီးခြောက်၊ တရုတ်ဆီးသီးခြောက်စသည်တို့ကို သရေစာအဖြစ်စားနိုင်သည်။

**ပဲအမျိုးမျိုး**

ပဲအမျိုးမျိုးတွင် အသားဓာတ်နှင့် အမျှင်ဓာတ်များစွာပါဝင်ပြီး အဆီဓာတ်အနည်းငယ်သာပါဝင်သည်။ ချက်ပြုတ်စားသောက်သောဟင်းလျာထဲတွင် ပဲအမျိုးမျိုးကို တစ်ပတ်လျှင် နှစ်ကြိမ်ချက်ပြုတ်စားသောက်သင့်သည်။ ပဲအမျိုးမျိုးစားပြီးသည့်အခါ လေပွခြင်းနှင့်ဝမ်းချုပ်ခြင်းမဖြစ်ရန် ရေများများသောက်ပေးသင့်သည်။

**ဒိန်ချဉ်**

ဒိန်ချဉ်တွင် အကျိုးပြုဗက်တီးရီးယားများစွာပါဝင်ပြီး အမျှင်ဓာတ်ကိုရရှိစေသည်။ ဒိန်ချဉ်ကို တစ်မျိုးတည်းဖြစ်စေ၊ သစ်သီးနှင့်အစေ့အဆန်များရောပြီးဖြစ်စေ စားသုံးနိုင်သည်။

**အစေ့အဆန်**

အစေ့အဆန်များတွင် ကယ်လိုရီနှင့် အဆီများစွာပါဝင်ပြီး အမျှင်ဓာတ်ရရှိနိုင်သည့် အဓိကအရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ နေကြာစေ့ကိုခွက်တစ်ခွက်၏ လေးပုံတစ်ပုံစားသုံးပါက အမျှင်ဓာတ် ၃ ဒသမ ၉ ဂရမ်ရရှိနိုင်သည်။ ဗာဒံစေ့ တစ်အောင်စတွင် အမျှင်ဓာတ် ၃ ဒသမ ၅ ဂရမ်ရရှိနိုင်သည်။ အစေ့အဆန်များကို သရေစာအဖြစ်စားခြင်း၊ ဒိန်ချဉ်ထဲထည့်စားခြင်းပြုလုပ်နိုင်သည်။

အမျှင်ဓာတ်များစွာပါဝင်ရန် နေ့စဉ်အစားအသောက်ထဲတွင် သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဆန်လုံးညို စသည့် တစ်မျိုးမျိုးပါဝင်အောင် စားသင့်သည်။ သရေစာစားသည့်အခါ အစေ့အဆန်၊ ကောက်နှံနှင့်ကွေကာကိုစားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကလပ်ပေါင်းစုံ(အလွတ်တန်း)အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ




**တောင်ကြီး ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ဒီဇင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ကလပ်ပေါင်းစုံ (အလွတ်တန်း) အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပသည်။

ရှေးဦးစွာ ကလပ်ပေါင်းစုံ(အလွတ်တန်း) အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် MGG FC အသင်းနှင့် TGI United အသင်းတို့ ယှဉ်ပြိုင်ကစားရာ MGG FC အသင်းကအနိုင်ရရှိသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆုနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသောအားကစားသမားနှစ်ဦးကို ဆုတံဆိပ်နှင့် ငွေသားဆုများ၊ တတိယဆုရရှိသော Addnis FC အသင်း၊ ဒုတိယဆုရရှိသော TGI United အသင်း၊ ပထမဆုရရှိသော MGG FC အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်သည်။

အဆိုပါ ကလပ်ပေါင်းစုံ(အလွတ်တန်း) အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၁၀ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ရာ ပြိုင်ပွဲဝင်အသင်း(၂၆)သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ (၄၀၅)

## မော်ဖောင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်သူများ၏ လယ်ယာကေမြများမှ ထွက်ရှိသည့်စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ မော်ဖောင်းကျေးရွာ၌ လယ်/ယာမြေကေများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ မြစ်ကြီးနားမြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့်အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ မော်ဖောင်းကျေးရွာ၌ လမ်းအမှတ်( ၁ )အရှည်ပေ ၄၀၀၀၊ အလျား ၁၂ ပေ၊ ထု ၉ လက်မရှိ မြေသားလမ်းပြုပြင်ခြင်းနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာရှိရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတာဝန်ခံများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မော်ဖောင်းကျေးရွာ၌ အဆိုပါကုန်ထုတ်လမ်းအမှတ်(၁)မြေသားပြုပြင်ခြင်းနှင့် သဲ၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပြည်ထောင်စု(ပိုလျှံ)ရန်ပုံငွေများ အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သော်ဇင်ထူး**

**MWD Education, Knowledge & Sports Channel**

၂၂-၁၂-၂၀၂၅(တနင်္လာနေ့)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ | | ၄။ | ၁၇:၀၅ - ၁၇:၄၀ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၀ | Grade – 6 | သင်္ချာ(၁)၊ သင်္ချာ(၂) | | ၅။ | ၁၇:၄၀ - ၁၈:၃၀ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ |
| ၃။ | ၁၆:၁၀ - ၁၇:၀၅ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ | | | | | သိပ္ပံ |

## အသည်းကြားကမဲတစ်ပြား

✤ ပြည်သူသည်သာ၊ အခရာဟု
ဆိုလာစကား၊ အရှိသားမို့
အများဗိုလ်လူ၊ တာဝန်ယူရ
ချိန်ဆစဉ်းစား၊ မဲတစ်ပြားကို
စိတ်ထားမှန်မှန်၊ ထိုသူ့ထံအား
စစ်မှန်ဂရုပြု၊ ရောက်စေမှုအတွက်
ဆုံးဖြတ်ချက်ချ
ပေးကြဖို့အရေး၊ ဝန်မလေးနဲ့။

✤ မျက်နှာမလိုက်၊ ဘက်မလိုက်ဘဲ
အကြိုက်မပြော၊ မနှောမုသား
ပုဂ္ဂိုလ်များကို၊ မဲပြားတစ်ခု
အရင်းပြု၍
ရွေးစုပေါင်းကာ၊ ပေးကြပါလော့။

✤ အများယောင်လို့၊ သင်တို့လည်းယောင်
အမောင်တောင်မြောက်၊ စိတ်မရောက်ဘဲ
သူလည်းဒါပဲ၊ ငါဒါပဲဟု
စွဲမြဲသိမှတ်၊ မပြုအပ်ပါ
သေချာစဉ်းစား၊ တိုင်းကားပြည်ရွာ
စည်ပင်သာအောင်၊ လုပ်ဆောင်မည့်သူ
ရွေးယူပါမှ၊ သင်ဟာကိုယ်စိတ်
နှစ်သိမ့်ချမ်းသာ၊ ဖြစ်ရပါလိမ့်။

✤ တို့ပြည်သားတို့၊ စည်ကားနောင်ရေး
စိတ်အေးကြလို၊ ဒီမိုကရေစီ
ဖက်ဒရယ်ပီစေ၊ ဖြန့်ဝေအုပ်ချုပ်
အဟုတ်စေတနာ၊ သူထားပါမှ
ပြည်ရွာအေးချမ်း၊ တို့ရွှင်လန်းမည်။

✤ သတိပြု၍၊ ဂရုတစိုက်
မဲပေးလိုက်ရန်၊ တို့ရည်သန်သည်
စစ်မှန်ပြည်ကြီး ငြိမ်းပါစေ။ ။

ဘိုမျိုး(ရွှေဘို)

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၂၂-၁၂-၂၀၂၅(တနင်္လာနေ့)

| | | | | |
|---|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | | ၆။ ၂၂:၂၀ | Goodnight Listeners |

# ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှပြည်သူများ၊ စစ်တက္ကသိုလ်နှင့်တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုများအား အနုပညာရှင်များဖျော်ဖြေတင်ဆက်

**နောင်ချို ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နောင်ချိုမြို့မှ ပြည်သူများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား သွားရောက်ဖျော်ဖြေတင်ဆက်ကြသည်။

နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ထွက်ခွာပြီး နောင်ချိုမြို့မှ ၁၆ မိုင် အကွာရှိ နောင်ချိုကြီး တိမ်ပင်လယ်ရှုခင်းသာကို သွားရောက်လေ့လာကြသည်။

ထိုနောင်ချိုကြီး တိမ်ပင်လယ်ရှုခင်းသာနေရာ၌ အပန်းဖြေနေရာခုနစ်ခုမှ ပြည်တွင်းပြည်ပခရီးသွားများအတွက် တည်းခိုနေထိုင်အပန်းဖြေနိုင်ရန်နှင့် သန့်ရှင်းလတ်ဆတ်စွာစားသုံးနိုင်ရန်အတွက် ပြင်ဆင်ထားရှိရာ ယခုအခါ ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်လာနေပြီဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တွေ့ဆုံပွဲကျင်းပမည့် နောင်ချိုမြို့ အားကစားရုံသို့ ရောက်ရှိကြရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့်လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တွေ့ဆုံပွဲကိုကျင်းပရာ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" video clip ကို ဦးစွာဖွင့်လှစ်ပြသသည်။

ဆက်လက်၍ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရှမ်းမြောက်ဒေသရှိ မြို့နယ်များပြန်လည်ထိန်းချုပ်နိုင်အောင် သက်စွန့်ဆံဖျား ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများကို အထူးကျေးဇူးတင်ပါကြောင်း၊ တစ်ဆက်တည်းတွင် မြို့ရွာဒေသအား ပုံမှန်အနေအထားသို့ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေကြသော ပြည်သူလူထုကိုလည်းကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ပြီး အားတက်သရော ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင်လည်း နောင်ချိုမြို့နယ်အတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှေ့တန်းရောက် တပ်မတော်သားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များအပါအဝင် စားသောက်ဖွယ်ရာများ၊ နောင်ချိုတပ်နယ်နှင့်ဌာနဆိုင်ရာများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ ဆူနှင့် MRTV DTH စလောင်းနှင့်ဆက်စပ်ပစ္စည်းအစုံ ၃၀၊ MRTV DVB T–2 Set Top Box အစုံ ၂၀ တို့အား ပေးအပ်လှူဒါန်းရာ နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုတပ်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ကြမည့်အနုပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/ တေးသံရှင် သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူနွေဦးသခင်နှင့် MRTV မှ တေးသံရှင်တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးဇေကရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာ ပရိသတ်များကလည်း ပျော်ရွှင်စွာ သီဆိုကခုန်ကာ ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ရောက်ရှိကြပြီး စစ်တက္ကသိုလ်ရှိ အနော်ရထာခန်းမ၌ စစ်တက္ကသိုလ်နှင့်တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုများအား ဖျော်ဖြေတင်ဆက်ပွဲပြုလုပ်ရာ ဦးစွာပြင်းထန်သည့်မြေလျှင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သောအနာဂတ်နှင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ Video Clip များ ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြင်ဦးလွင်တပ်နယ်အတွက် MRTV DTH စလောင်း အစုံ ၁၀၀နှင့် MRTV DVB T–2 Set Top Box အစုံ ၁၀၀ နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ MRTV ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဝန်ထမ်းအဆိုရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကလည်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ပြည်ခရိုင်အတွင်းရှိ စွမ်းအင်ဝန်ကြီးဌာနမှဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ပြည်ရေနံမြေအစည်းအဝေးခန်းမ၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်ရှိ ပြည်ရေနံမြေမှ အရာထမ်း၊ အမှုထမ်းများ၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနလက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ပဲခူးမြို့၏ ပြည်ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပြည်ရေနံမြေ အထွေထွေမန်နေဂျာက ပြည်ရေနံမြေ၊ မြန်အောင်–ရွှေပြည်သာ ရေနံမြေနှင့် ပန်းတောင်းဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးစေရေး သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ရေနံမြေဒေသသည် အစဉ်အလာကောင်းခဲ့သည့် ရေနံမြေဟောင်းတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့နှစ်မျိုးလုံးထွက်ရှိသည့် ရေနံမြေတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးစေရေးအတွက်သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင်သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင်သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၉–၁၂–၂၀၂၅ ရက်နေ့မှ ၃၁–၃–၂၀၂၆ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင်သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄–၂–၂၀၂၆ ရက်နေ့မှ ၁၅–၅–၂၀၂၆ ရက်နေ့ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ထူးခြားသည့် ညအပူချိန်များ

၂၁–၁၂–၂၀၂၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | လားရှိုး | ၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | | ပူတာအို | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးမိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

{ ၁၃၈၇-ခုနှစ်၊ ပြာသိုလဆန်း(၃) ရက်၊၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္ဂနွေနေ့ }

(၇၈)ကြိမ်မြောက်တိပိဋကရေတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲသို့ဝင်ရောက်ပြန်ဆို၊ ရေးဖြေဖြေဆိုတော်မူကြမည့် တိပိဋကရေတိပိဋကကောဝိဒလောင်းလျာ သာသနဝ္ဘာဇာနည်အရှင်မြတ်တို့နှင့်တကွ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သာသနာတော်အတွက် ကြာရှည်လေးမြင့်အမှတ်ရသင့်သည့် သာရဏီယဩဝါဒစကားကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား မိန့်ကြားလိုပါသည်ဘုရား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီးဖွဲ့စည်းကာ သာသနာတော်သုံးရပ်တိုးတက်သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိနေကြသည်ကို အရှင်မြတ်တို့အသီးသီးသိရှိနေကြပြီးဖြစ်ပါသည်ဘုရား။

အရှင်မြတ်တို့သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသောအား ကိုယ်မှာထားကြလျက်အာဂုံအရကျက်မှတ်၍ပြန်ဆိုတော်မူကြသော သုံးပုံပိဋကပရိယတ္တိသာသနာတော်သည်သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏သာသနာသုံးရပ်တွင် အရင်းမူလပဓာနဖြစ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရားရှင်သည် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့်ပိဋကသုံးသွယ် နိကာယ်ငါးရပ်အဆုံးအမတရားတော်မြတ်များဖြစ်ကြ၍ ထိုအဆုံးအမတရားတော်များ စဉ်ဆက်မပြတ်ပြန့်ပွားစည်ပင်ရေးသည်ရဟန်းသံဃာတို့၏တာဝန်နှစ်ရပ်တွင် ဂန္ထဓုရတာဝန်ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်မြတ်ဟူသော ထိုပရိယတ္တိသာသနာဆိတ်သုဉ်းပျောက်ကွယ်ပါက လက်တွေ့ကျင့်ကြံ ကြိုးစားအားထုတ်မှုဖြစ်သည့် ပဋိပတ္တိသာသနာတော်သည်လည်း ထင်ရှားဖြစ်ပေါ်လာနိုင်ခြင်းမရှိပါ။ ပဋိပတ္တိသာသနာတော်လမ်းစမှေးမှိန်သွားပါကလည်း မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်နိုင်မှု ပဋိဝေဓသာသနာတော် အကျိုးမြတ်သည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်မဟုတ်ပေ၊ မြတ်စွာဘုရားရှင်၏သာသနာတော်သုံးရပ်သန့်ရှင်းတည်တံ့တိုးတက်ပြန့်ပွားရေးသည် ပရိယတ္တိသာသနာတော်အပေါ်အခြေခံလျက်တည်မှီနေပေသည်။

သာသနဝ္ဘာဇာနည်အရှင်မြတ်တို့သည် ထက်သန်သော ဆန္ဒ၊ တက်ကြွသော ဝီရိယ၊ ခိုင်ကြည်သော စိတ္တ၊ နက်နဲသော ဝီမံသတည်းဟူသော အဓိပတိတရားလေးပါးလက်ကိုင်ထားကြလျက် သင်ယူကျက်မှတ်လေ့လာဆည်းပူးအားထုတ်အပ်သည့် ပရိယတ္တိကျမ်းဂန်များသည် လူနတ်ဗြဟ္မာသတ္တဝါအစားစားဝေနေယျအများတို့အား မဂ်ဖိုလ်နိဗ္ဗာန်အကျိုးစီးပွားချမ်းသာ အစစ်အမှန်ကို ဧကန်ရစေနိုင်မည့်တရားတော်များဖြစ်သည့်အပြင် မြတ်စွာဘုရားရှင်၏သာသနာတော်မြတ်ကြီး အရှည်တည်တံ့ကြောင်း အထောက်အပံ့ကောင်းပင်ဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်ကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည်ဖြစ်ပေသည်။

အာဂုံပြန်ဆိုရေးဖြေဖြေဆိုတော်မူကြမည့် သာသနဝ္ဘာဇာနည်အရှင်မြတ်တို့သည် ထိုထိုကျမ်းမြတ်ပိဋကတ်တို့ကိုနှုတ်တက်အာဂုံအရဆောင်တော်မူကြခြင်း၊ ထိုထိုကျမ်းမြတ်ပိဋကတ်တို့၏အဖွင့်သံဝဏ္ဏနာအဋ္ဌကထာဋီကာဂဏ္ဌိစသည့် ကျမ်းဂန်တို့ကို နှံ့စပ်အောင် လေ့လာဆည်းပူးခြင်းဖြင့် လျှို့ဝှက်ခက်ခဲနက်နဲသော ဝိနိစ္ဆယတို့ကို မြတ်စွာဘုရားရှင်၏အလိုတော်ကျပြတ်ပြတ်သားသားပိုင်းခြားချဲ့ထွင်သိမြင်တော်မူကြ၍ အနာဂတ်သာသနာတော်၏တာဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်နိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

တိပိဋကရေတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင်ပိဋကတ်ကျမ်းစာများကို အာဂုံဝင်ရောက်ပြန်ဆိုတော်မူကြမည့် အရှင်မြတ်များအနေဖြင့် သူတော်ကောင်းတရားများကို နာကြားရရုံမျှမက ဓမ္မက္ခန္ဓာပေါင်းများစွာကို အာဂုံအလွတ်ရအောင်ကျက်မှတ်ကြပြီးဖြစ်သဖြင့် ငါတို့အဖို့အလွန်ရခဲသော အခွင့်ကောင်း အခါကောင်းကို ရကြပေပြီဟု နှလုံးသွင်းကာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအင်အား ကိုယ်မှာထား၍ ပြန်ဆိုတော်မူကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း ရခဲလှသည့်ဒုလ္လဘတရားများကိုရရှိနေသည့် အချိန်တွင် မမေ့မလျော့သော အပ္ပမာဒတရားဖြင့်မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို အားပေးချီးမြှောက်ထောက်ပံ့ရင်း နိဗ္ဗာန်တိုင်ရောက် အထောက်အပံ့ပြုပြား ကောင်းမှုကုသိုလ်တရားကို ပွားများအားထုတ်နိုင်ကြပါစေဟု တိုက်တွန်းအမှာသာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသတည်း။

**ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**ဥက္ကဋ္ဌဆရာတော်**



# (၇၈) ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





ရန်ကုန် ဒီဇင်ဘာ ၂၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကရေဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌဆရာတော် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်က "သာရဏီယဩဝါဒကထာ"ကို မိန့်ကြားတော်မူသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကရေတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၁၂၅၂၅၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြုသော သံဃာတော် ၅၅ ပါးတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစားကျောင်းဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက တိပိဋကရေ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့် စာပြန်သံဃာတော်များအား ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

မြဝတီ

# ပုဂံ-ညောင်ဦးလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး





နေပြည်တော် ဒီဇင်ဘာ ၂၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည်တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံ - ညောင်ဦးလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား အဆင့်လိုက်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေယာဉ်ပြေးလမ်းဘေးနှစ်ဖက်သို့ ၂၅ ပေစီ တိုးချဲ့ခြင်း၊ တိုးချဲ့ပြီးလေယာဉ်ပြေးလမ်းနှင့် မူလလေယာဉ်ပြေးလမ်းအား နိုင်လွန်ကတ္တရာခင်းခြင်းနှင့် လေယာဉ်ရပ်နားရန်နေရာတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းများကို ရေးဆွဲထားသည့် အချိန်ဇယားအတိုင်း ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ခရီးသည်နားနေဆောင် မြန်မာမှုအနုလက်ရာများ ပြုပြင်မွမ်းမံမှု၊ လေဆိပ်ရှိရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသည်များကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးအပ်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ မြဝတီ

# ပြည်မြို့နယ် တီတွဒ်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဓမ္မဇေက်ကျေးရွာအုပ်စု တီတွဒ်ကျေးရွာသို့ သွားရောက်၍ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ မိသားစုဝင်ငွေ တိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်များ၊ ပံ့ပိုးမှုများဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် ဆောင်ရွက်သည့် တီတွဒ်ကျေးရွာတွင်းလမ်း အပိုင်း (၁) ပေ ၁၂၀၀ နှင့် အပိုင်း (၂) ပေ ၁၁၀၀ ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ဝန်ထမ်းတစ်ဦးချင်း၏ အခက်အခဲတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြဝတီ

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နှစ် (၃၀) ပြည့် ဂုဏ်ပြုပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် နှစ် (၃၀) ပြည့် ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ အဆိုပါအသင်းချုပ် Function Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဋ္ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့က Video Message ပေးပို့၍ ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက ဦးဟန်ဇော်က ဂုဏ်ပြုစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ နှစ်(၃၀)ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နှစ်(၃၀)ပြည့် အခမ်းအနားကျင်းပရေးအတွက် မတည်အလှူရှင်များ၊ မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အလှူများ၊ စာမူရှင်များ၊ ပါဝင်ကူညီခဲ့သူများနှင့် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်သည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် စတင်ဖွဲ့စည်းစဉ်နှင့် အသင်းသက်တမ်းတစ်လျှောက် အတွေ့အကြုံများနှင့် မျက်မှောက်ကာလ အတွေ့အကြုံများကို မျှဝေဆွေးနွေးဟောပြောကြသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သည်အင်ဂျင်နီယာလောကသားများအတွက် ၁၉၉၅ ခုနှစ်မှစတင်ခဲ့သော မြန်မာနိုင်ငံကိုယ်စားပြု အသင်းတစ်ခုဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် နှစ် (၃၀) ပြည့်မြောက်ခဲ့ပြီဖြစ်ကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ "အင်ဂျင်နီယာစွမ်းအား ပြည်ထွန်းကား" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Knowledge Sharing Program လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစဉ်အမြဲ ဝိုင်းဝန်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၂၁-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေဖို့ရာ ပညာရေးကိုအားပေးပါ

ကိုဘုန်း(ထုတ်လုပ်)

ပညာရေးသည် **တစ်ဦးချင်းတိုးတက်မှုနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်**ဖြစ်သည်။ ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေး၍ ပိုမိုမျှတပြီး သာယာဝပြောသောကမ္ဘာကို တည်ဆောက်နိုင်သည်။ ပညာရေး၏ အရေးပါမှုသည် ဘဝ၏ကဏ္ဍအသီးသီးကို လွှမ်းခြုံထားပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာစွမ်းဆောင်မှုမှသည် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုအထိ အရေးပါသည်။

> **✿ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုအဓိကအကျိုးပြုသဖြင့် နိုင်ငံများစွာသည် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုလုပ်ကြသည်။ နိုင်ငံတစ်နိုင်ငံအတွက် ရေရှည်နှင့်တန်ဖိုးအရှိဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးသည်။ ပညာရေးကိုအားပေးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကို အမှန်တကယ်တည်ဆောက်နိုင် . . .**

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအကျိုးပြုသဖြင့် နိုင်ငံများစွာသည် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကြီးစွာပြုလုပ်ကြသည်။ နိုင်ငံတစ်နိုင်ငံအတွက် ရေရှည်နှင့်တန်ဖိုးအရှိဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးပေးသည်။ ပညာရေးကို အားပေးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို အမှန်တကယ်တည်ဆောက်နိုင်သည်။ ပညာတတ်လူ့အဖွဲ့အစည်းတစ်ခုသည် ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်ပြီး စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်သည်။ ပညာရေးသည် ဆင်းရဲမှုကို တိုက်ဖျက်နိုင်သည့် အစွမ်းထက်သော လက်နက်တစ်ခုဖြစ်ပြီး လူမှုဘဝအဆင့်အတန်းကိုလည်း မြှင့်တင်ပေးသည်။

**နိုင်ငံတော်တိုးတက်ရေးအတွက် အခြေခံအုတ်မြစ်**

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည်အဓိကကျသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးပါဆုံးသော အုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရေးသည် လူသားတစ်ဦးကို မှန်ကန်သော အတွေးအခေါ်၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကိုယ်ကျင့်တရားတို့ဖြင့်ပြည့်စုံစေပြီး ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ပညာရေးသည် ရပ်တန့်၍ရသောအရာမဟုတ် လူတို့၏ အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ၊ အမြင်တို့ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် လူငယ်များသည် မိမိတို့၏ဆန္ဒ၊ မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးဘဝမှစ၍ ပညာကိုဆည်းပူးလေ့လာရန်လိုအပ်သည်။ ယနေ့ခေတ်တွင် ပညာရေးသည် ပုံသေသင်ကြားနည်းများမှသည် နည်းပညာအခြေပြုသင်ကြားနည်းများဆီသို့ တိုးတက်ပြောင်းလဲလာသည်။ အင်တာနက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများကြောင့် အွန်လိုင်းသင်တန်းများ၊ အဝေးသင်ပညာရေးစနစ်များ ပေါ်ပေါက်လာပြီး ပညာသင်ယူခွင့်ကို ပိုမိုကျယ်ပြန့်လာစေသည်။ ထို့ပြင် ပြောင်းလဲတိုးတက်လာသောခေတ်နှင့်လျော်ညီစွာ ပညာရေးသည် ရိုးရာစာအံသင်ကြားမှုမှသည် ခေတ်၏လိုအပ်ချက်အရ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် နည်းပညာအသုံးပြုနိုင်စွမ်းတို့ကို အလေးပေးသည့်စနစ်ဆီသို့ မလွဲမသွေပြောင်းလဲနေပြီဖြစ်သည်။ ဘဝတစ်သက်တာ သင်ယူလေ့လာရေးသည် အသိပညာရှင်နှင့်အတတ်ပညာရှင်များအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်လာသည်။

**မြန်မာ့ပညာရေးသမိုင်း**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဘဝသစ်ဖန်တီးမှု ပညာရေးစီမံကိန်းကိုရေးဆွဲပြီး ၁၉၅၂ ခုနှစ်မှစ၍ လေးနှစ်စီမံကိန်းများချမှတ်အကောင်အထည်ဖော်ခဲ့သည်။ လူထုပညာရေးစီမံကိန်းအရ အရေး၊ အဖတ်၊ အတွက် အခြေခံတတ်မြောက်ရေးအတွက် "အ" သုံးလုံး သင်တန်းများကိုလည်း ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်မတိုင်မီ ဆေးပညာ၊ အင်ဂျင်နီယာ၊ ပညာရေး၊ ဥပဒေ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ စိုက်ပျိုးရေး၊ လူမှုရေးသိပ္ပံ၊ သစ်တော စသည့်မဟာဌာနများကို တက္ကသိုလ်များတွင်ဖွဲ့စည်းပြီး အထူးပြုဘာသာရပ်သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ ပညာရေးလေးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ အခြေခံပညာကဏ္ဍတွင် ပညာရေးနှီးနှောဖလှယ်ပွဲများကျင်းပ၍ ဆက်လက်ဆောင်ရွက်နိုင်မည့်အစီအမံများကို ရေးဆွဲဆောင်ရွက်ခဲ့သည်။ ပညာရေးသုတေသနလုပ်ငန်းများ၊ ပညာရေးစစ်တမ်းကောက်ယူလေ့လာမှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၄-၁၉၆၅ ခုနှစ်မှစ၍ သက်ကြီးစာတတ်မြောက်ရေး "အ" သုံးလုံးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည်။

၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ်မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကိုဆောင်ရွက်ခဲ့သည်။

> **✿ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည် စီးပွားရေး၊ နည်းပညာ သို့မဟုတ် အခြေခံအဆောက်အဦတို့တွင်သာမက လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်းအခြေခံသည်။ ပညာရေးသည် ထိုအရင်းအမြစ်ကိုမွေးထုတ်ပေးသော ဗဟိုချက်မဖြစ် . . .**

အမျိုးသားပညာရည်မြင့်မားရေးနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိသတ်မှတ်၍ နှစ်တိုငါးနှစ်စီမံကိန်းကာလခြောက်ခုပိုင်းခြား၍ အကောင်အထည်ဖော်လျက်ရှိသည်။

**ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်**

ပညာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅)ကိုကျင်းပခဲ့ရာ ယင်းအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲသည် **"နိုင်ငံတစ်ခုကို အဓိကဖန်တီးပုံဖော်ကြသူများသည် ယင်းနိုင်ငံ၏ နိုင်ငံသားများပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့်၊ စဉ်းစားတွေးခေါ်မှုမြင့်မားသည့် နိုင်ငံသားများပေါ်များရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ "ပညာ" သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ကိုရရှိစေကြောင်း၊ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကိုထူထောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက်စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် ဦးတည်ချက်ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး အတတ်ပညာရှင်များလိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ပညာရှင်များစွာလိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်ကစီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း"** ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်တွင် အနာဂတ်မြန်မာ့ပညာရေး ပိုမိုကောင်းမွန်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို ၂၀၂၃ ခုနှစ် မေလ ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း ကျင်းပခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက မိန့်ခွန်းပြောကြားရာ၌ **"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသည် စီးပွားရေး၊ နည်းပညာ သို့မဟုတ် အခြေခံအဆောက်အဦတို့တွင်သာမက လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်းအခြေခံသည်။ ပညာရေးသည် ထိုအရင်းအမြစ်ကိုမွေးထုတ်ပေးသော ဗဟိုချက်မဖြစ်သည်။ စနစ်ကောင်းတစ်ခုဖြစ်သည့် ပညာရေးသည် ဉာဏ်ရည်ဉာဏ်သွေးပြည့်ဝသော၊ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသော၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော နိုင်ငံသားများကို မွေးထုတ်ပေးပြီး နိုင်ငံတော်အား စိန်ခေါ်မှုသစ်များကို ရင်ဆိုင်ကျော်လွှားရန်၊ စီးပွားရေးပြိုင်ဆိုင်မှုများတွင် ရပ်တည်နိုင်ရန်နှင့် လူမှုအသိုက်အဝန်း သာယာဝပြောရန် စွမ်းအားပေးသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

> **✿ ပညာရေးကို ရင်းနှီးမြှုပ်နှံခြင်း၊ ဆရာများ၏ အဆင့်အတန်းမြှင့်တင်ခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီပြင်ဆင်ခြင်းနှင့် ပညာသင်ယူမှုအခွင့်အလမ်းများ ညီမျှစွာဖြန့်ဝေခြင်းတို့သည် နိုင်ငံတော်၏အနာဂတ်ကို ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ် . . .**

နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် နည်းပညာတတ်မြောက်သော၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းရှိသော နိုင်ငံ့သားကောင်းများလိုအပ်သည်။

သို့ဖြစ်၍ ပညာရေးကို ရင်းနှီးမြှုပ်နှံခြင်း၊ ဆရာများ၏ အဆင့်အတန်းမြှင့်တင်ခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီပြင်ဆင်ခြင်းနှင့် ပညာသင်ယူမှုအခွင့်အလမ်းများ ညီမျှစွာဖြန့်ဝေခြင်းတို့သည် နိုင်ငံတော်၏အနာဂတ်ကို ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ နိုင်ငံသားတိုင်း၏ ပညာရေးအတွက် ဝိုင်းဝန်းအားပေးမှသာလျှင် ကျွန်ုပ်တို့၏ နိုင်ငံတော်သည် ပိုမိုဖွံ့ဖြိုးတိုးတက်သော၊ တရားမျှတပြီး ခိုင်မြဲသောအနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ပညာကိုအားပေးခြင်းသည် နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ခြင်းပင်ဖြစ်ရာ အားလုံးလက်တွဲ၍ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေဖို့ရာ ပညာရေးကို အားပေးကြပါ**ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၂-၁၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသီစေချင်
၃။ ၀၉:၀၀ Soft Skill
၄။ ၁၁:၀၀ ကမ္ဘာ့ရေးရာ မှတ်သားစရာ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၈:၃၀ **CGTN Nature အပိုင်း(၄)**
၇။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

## MWD Variety Channel ၂၂-၁၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၄၀ စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ
၂။ ၁၀:၄၀ ပရိသတ်အတွက် ကဗျာလက်ဆောင်
၃။ ၁၄:၃၅ သတိမမူ ဂူမမြင်
၄။ ၁၆:၂၀ Countries of the World

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုနှင့် လျာထားမဲရုံခင်းကျင်းထားရှိမှု ကွင်းဆင်းကြည့်ရှု



**မိုးညှင်း ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် ယနေ့မွန်းလွဲပိုင်းတွင် မိုးညှင်းခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုများနှင့် လျာထားမဲရုံခင်းကျင်းထားရှိမှုအခြေအနေကိုကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန Mini အစည်းအဝေးခန်းမ၌ မိုးညှင်းခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများ၊ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံကျသည့်မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရွေးကောက်ပွဲကျင်းပနေစဉ်ကာလအတွင်း မဲရုံဝန်ထမ်းများအနေဖြင့် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် မဲဆန္ဒရှင်များ စိတ်ပါဝင်စားစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများက အသိပေးနှိုးဆော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ပေရယ်စိုးက ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ခရိုင်အတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယာယီဖွင့်လှစ်ထားရှိသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီများ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုနှင့် အောင်သပြေရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း(သိမ်အင်း)တို့၌ လျာထားမဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ မဲရုံများပြင်ဆင်ထားရှိမှု ကွင်းဆင်းကြည့်ရှု

**မြစ်သား ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်သည် ယနေ့နံနက် ၁၁ နာရီတွင် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြို့နယ်အတွင်း ဆောင်ရွက်မည့်ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်၍ မဲဆန္ဒရှင်စာရင်းများထဲတွင် သေဆုံးသူများပါဝင်နေခြင်းရှိ၊ မရှိ၊ အသက် ၁၀၀ နှင့်အထက်ရှိနေသူများအား မြေပြင်တွင် အမှန်တကယ်နေထိုင်မှုရှိမရှိတို့ကို ရပ်ကျေးကော်မရှင်အဖွဲ့ဝင်များဖြင့်စစ်ဆေးပေးရန်၊ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရန်နှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်မှာကြားသည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် အဖွဲ့သည် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်အတွင်းရှိ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**ဝါဝါမြင့် (မြစ်သား)**

# တောင်ကြီးမြို့၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး


**တောင်ကြီး ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ရှမ်းပြည်နယ် (တောင်ပိုင်း)တာဝန်ခံ ဦးခင်မောင်ဦးသည် ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ MEVM မဲပေးစက်ကြီးကြပ်ရေးနှင့် နည်းပညာအထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၅ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကိုတွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်၌ စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် တောင်ကြီးမြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လက်ရှိဆောင်ရွက်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာတွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲအတွက် မဲရုံ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် MEVM မဲပေးစက်များ အသင့်ပြင်ဆင်စုဖွဲ့သယ်ဆောင်ဖြန့်ခွဲထားရှိရေး၊ မဲရုံသုံးပစ္စည်းနှင့် မဲစာရင်းအပါအဝင် အသုံးပြုရမည့် ပုံစံစာရင်းဇယားများ စနစ်တကျပြင်ဆင်ထားရေး၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေလုံခြုံစွာဆန္ဒမဲပေးနိုင်ရေးကြိုတင်ပြင်ဆင်ထားရှိရေးနှင့် MEVM စက်များ၊ SD ကတ်၊ BU Paper နှင့် အရန်မဲပေးစက်များနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတွင်းရေးမှူး၊ တက်ရောက်လာကြသော ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# နိုင်ငံ့ EV နည်းပညာရှင်လိုအပ်ချက်ကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်




**နေပြည်တော် ဒီဇင်ဘာ ၂၁**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဒီဇင်ဘာလ ၁၈ ရက်က နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပသည့် EV Training of Trainers (၁/၂၀၂၅) သင်တန်းဆင်းပွဲကို ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးနှင့် ခေတ်မီ Smart City များကို ဖော်ဆောင်နိုင်ရေးအတွက် EV နည်းပညာရှင်လိုအပ်ချက်သည် မြင့်တက်လာကြောင်း၊ နိုင်ငံ့ EV နည်းပညာရှင်လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် သင်တန်းများဖွင့်လှစ်၍ သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ သင်တန်းဆင်းများအနေဖြင့် EV နည်းပညာအရွေ့နှင့်အညီ အမီလိုက်ပါနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြရမည်ဖြစ်ပြီး နိုင်ငံ၏ EV ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် ပြင်ပ EV ကုမ္ပဏီများမှ သင်တန်းသားစုစုပေါင်း ၂၂ဦးတက်ရောက်ကြပြီး သင်တန်းကာလ ခြောက်ပတ်အတွင်း လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

➲ စာမျက်နှာ ၁၇ မှအဆက်

ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း အမျိုးသမီးကုသဆောင်တွင် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်းမှ သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်းမှ သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ Studio-A ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဂါရဝပြုခံသက်ကြီးဝန်ထမ်းဟောင်းများ၊ အသင်းသား၊ အသင်းသူများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ထမ်းဟောင်းများအသင်း၏ မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းနာယက ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး(ရန်ကုန်ရုံး) တာဝန်ခံ ဒေါ်လိန်းမောင်ပန်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ကိုယ်စား အသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်းကို အသင်းဥက္ကဋ္ဌထံပေးအပ်ပြီး အသင်းဥက္ကဋ္ဌက နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများဖြစ်ကြသည့် အသင်းနာယက ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်ဌေး၊ အသင်းနာယက စည်သူဒေါ်တင်တင်မြ၊ ဒေါ်စိုးမာလာကိုယ်စား ဒေါ်လတ်လတ်မြင့်တို့အား လက်ဆောင်များပေးအပ်ကာ အသင်းနာယကများက သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြသည်။





ဂါရဝပြုပွဲသို့ မတက်ရောက်နိုင်ကြသည့် သက်ကြီးဝန်ထမ်းဟောင်းများအား အိမ်တိုင်ရာရောက် ဂါရဝပြုလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဝင်းကြည်က အသင်းသို့ လစဉ်အလှူငွေများ လှူဒါန်းလျက်ရှိသည့် ဂုဏ်ထူးဆောင်အလှူရှင်နှင့် အလှူရှင်များကို ဂုဏ်ပြုလွှာများပေးအပ်ပြီး ဂါရဝပြုခံ သက်ကြီးဝန်ထမ်းဟောင်းများကိုယ်စား အသင်းနာယက စည်သူဒေါ်တင်တင်မြက မုဒိတာစကားပြောကြားသည်။

အဆိုပါအသင်းကို ၂၀၁၂ ခုနှစ် မတ်လတွင်ဖွဲ့စည်းခဲ့ပြီး ဝန်ထမ်းဟောင်းများ အချင်းချင်း ထိတွေ့ဆုံစည်းမှုရရှိစေရန်၊ နာမကျန်းဖြစ်သည့် ဝန်ထမ်းဟောင်းများအား လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အကူအညီများပေးအပ်ရန်၊ အခြားလူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်နှင့် မိခင်ဌာနနှင့် အဆက်မပြတ်စေဘဲ ဌာန၏လှုပ်ရှားမှုများတွင် လိုအပ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြဝတီ




● ကျောဖုံးမှအဆက်

အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာလ ၂၄ ရက်တွင် အိမ်ရှင်ထိုင်းအသင်း၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ဗီယက်နမ်အသင်း၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဘရူနိုင်းအသင်းတို့နှင့် အသီးသီးယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ထို့အတူ မြန်မာ့လက်ရွေးစင် U-19 အသင်းအား နည်းပြချုပ်အဖြစ် ဦးကျော်စိုးမိုးက တာဝန်ယူကိုင်တွယ်လျက်ရှိပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် မလေးရှားအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာလ ၂၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံချည်မျှင်ရှည်ဝါ ဧက ၁၄၀၀ ကျော် သိမ်းဆည်းပြီးစီးပြီဖြစ်

ပွင့်ဖြူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ချည်မျှင်ရှည်ဝါ ဧက ၁၄၀၀ ကျော် သိမ်းဆည်းပြီးဖြစ်ကာ တစ်ဧကလျှင် ၅၂၄ ပိဿာခန့် ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက ချည်မျှင်ရှည်ဝါ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒီဇင်ဘာလပထမပတ်မှစတင်ပြီး သိမ်းဆည်းခဲ့ရာ ၁၄၀၂ ဧက သိမ်းဆည်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၅၂၄ ပိဿာခန့်ထွက်ရှိကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ချည်မျှင်ရှည်ဝါ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧက ၁၄၀၀ ကျော် သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို ချည်မျှင်ရှည်ဝါ ၅၂၄ ပိဿာလောက်ထွက်ရှိပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးတောင်သူများကို သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်းသော ဝါများထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ချည်မျှင်ရှည်ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | | |
|---|---|---|---|
| အဲဗာတန် | ၀ | ၁ | အာဆင်နယ် |
| လိဒ်ဒ် | ၄ | ၁ | ပဲလေ့ |
| ဗီလာ | ၂ | ၁ | မန်ယူ |

**ဂျာမန်ဘွန်ဒက်လီဂါ**

| | | | |
|---|---|---|---|
| လိုက်ပဇစ် | ၁ | ၃ | လေဗာကူဆင် |
| မိန့်ဇ် | ၀ | ၀ | စိန့်ပါလီ |
| ဟိုက်ဒန်ဟိမ်း | ၀ | ၄ | ဘိုင်ယန် |





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ပြည်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူစဉ်။

၁ ကျောဖုံးမှအဆက်

အမှာစကားပြောကြားရာ၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေသည် အစဉ်အလာရှိသည့် နယ်မြေတစ်ခုဖြစ်ပြီး ယခင်ကတည်းက KNU သောင်းကျန်းမှုများ၊ ဗကပ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ နောက်ပိုင်းတွင် နယ်မြေအခြေအနေများ ငြိမ်သက်လာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများမှ အကြမ်းဖက်မှုများလုပ်ဆောင်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" (Fit for Fight) ဖြစ်နေရန်လိုကြောင်း၊ ထိုသို့ အမြဲတိုက်ပွဲဝင်အသင့် ဖြစ်နေရန်အတွက် တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အသက်အရွယ်နှင့် ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို အောင်မြင်စွာ

**❖ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" (Fit for Fight) ဖြစ်နေရန်လို . . .**

**❖ မိမိတို့တစ်ဦးချင်းတာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တတ်ကျွမ်းနေအောင် လေ့ကျင့်၊ ထိရောက်သောပစ်ခတ်မှုမှုများဖြစ်ရန်အတွက် မိမိတို့ကိုင်တွယ်အသုံးပြုရသည့်လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လို . . .**

**❖ တပ်မတော်သားများသည် အသက်နှင့်ရင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရခြင်းဖြစ်သဖြင့် မိမိတို့၏ဘဝကို တန်ဖိုးထားကြရန်လို . . .**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်မှုထမ်းများကို တစ်ဦးချင်းရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**❖ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိ . . .**

**❖ တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်၊ ပြည်သူများနှင့်တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လို . . .**

ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သွားလာနေထိုင်မှုများတွင်လည်း **"သွားသတိ၊ လာသတိ"** ဖြင့်သွားလာနေထိုင်ကြမည်ဆိုပါက ကျရောက်လာမည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သတိဟူသည်မှာပိုသည်မရှိကြောင်း။

တိုက်ပွဲဝင်ရာတွင် ရဲစွမ်းသတ္တိရှိရန်လိုကြောင်း၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိရှိဖြင့် သင်ကြားတတ်မြောက်ထားသည့် စစ်ပညာရပ်များကို လက်တွေ့စစ်မြေပြင်တွင်အသုံးချပြီး အောင်မြင်စွာတိုက်ခိုက်နိုင်ရန်လိုကြောင်း၊ ရဲစွမ်းသတ္တိဆိုသည်မှာ မိုက်ရူးရဲဆန်စွာ လုပ်ဆောင်ခြင်းမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရဲကိုင်ရဲသည့်စိတ်ဓာတ်ဖြင့် သတ္တိရှိရှိလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်းတာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တတ်ကျွမ်းနေအောင် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိရောက်သောပစ်ခတ်မှုများဖြစ်ရန်အတွက် မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်ကြားပေးထားသည့် စစ်အတတ်ပညာများကိုစစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်မူဝါဒနှင့်အညီ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး မိမိတို့နေ့စဉ်ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ သင်ကြားပေးထားသည့် စစ်အတတ်ပညာများအား ပြန်လည်လေ့ကျင့်ခြင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းသည် အမြဲလေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်း၏ ဝင်ငွေနှင့်ထွက်ငွေကို ညီညွတ်မျှတစွာသုံးစွဲကြရန်လိုကြောင်း၊ အရက်၊ ကွမ်း၊ ဆေးလိပ် စသည့် အသောက်အစားများနှင့် အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ရှားကြရန်လိုပြီး မိမိကိုယ်ကို ထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်သားများသည် အသက်နှင့်ရင်း၍ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ကြရခြင်းဖြစ်သဖြင့် မိမိတို့၏ဘဝကို တန်ဖိုးထားကြရန်လိုကြောင်း။

လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် အမြဲဆောင်ရွက်နေကြကြောင်း၊ ကြိုးစားအားထုတ်မှုကောင်းမွန်သည့်သူများသည် ဘဝတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်ကြကြောင်း၊ ထို့ကြောင့်မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိကိုယ်ကိုစောင့်ထိန်းပြီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၏ လစာနှင့်စရိတ်များ၊ ရိက္ခာများပြည့်ပြည့်ဝဝရရှိစေရေး၊ အဆင့်အတန်းမီစွာဖြင့် ဝတ်စားဆင်ယင် နေထိုင်နိုင်ရေးတို့ကို တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **"အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ"**ကြောင်း၊ **အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန်လို**ကြောင်း၊ **အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်း၏ဘဝကိုမြင့်မားစေကြောင်း၊ ထို့ကြောင့် ဗဟုသုတ အတွေးအခေါ်များရရှိစေမည့် စာအုပ်စာပေများကို အမြဲလေ့လာဖတ်ရှုနေရန်လိုကြောင်း၊ အလားတူ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများဖတ်ရှုစေရေးအတွက်လည်း အမြဲတိုက်တွန်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ဘဝထက် သာလွန်သည့်ဘဝများရရှိစေရေး မိမိတို့၏သားသမီးများကို မြေတောင်မြှောက်ပေးကြစေလိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပြည်သူများနှင့်တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိမိတို့တွေ့ကြုံရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိတို့တပ်မတော်ကိုလည်းကောင်း၊ မိမိတို့နိုင်ငံတော်အတွက်လည်းကောင်း ကောင်းမွန်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

မကြာမီကာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့်နိုင်ငံအကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူ၊ တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံ့အကျိုးကို အမှန်တကယ်သယ်ပိုးဆောင်ရွက်နိုင်သူများကို ရွေးချယ်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပေါ်ပေါက်လာမည့်အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား

**စာမျက်နှာ ၁၅ သို့ ⊃**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets with departmental officials, local elders, and MSME entrepreneurs from Pyay District

NAY PYI TAW December 21

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing met with departmental officials, local elders, and MSME entrepreneurs from Pyay District, Bago Region, at Sri Kestra Yadana Town Hall in Pyay this morning and discussed regional development.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets with departmental officials, local elders, and MSME entrepreneurs.

Also present at the meeting together with the Senior General were SSPC Secretary General Ye Win Oo, union ministers, Bago Region Chief Minister U Myo Swe Win, senior military officers from the Office of the Commander-in-Chief, the Southern Command commander and officials, and district and township level officials, local elders, and MSME entrepreneurs from Pyay District.

**Reports on regional points and requirements for development of the region**

First, the Pyay District administrator reported on points of takings in the district, task to beautify Pyay, development of MSMEs in the district, agriculture and livestock undertakings, efforts to meet the crop targets, setting zones for the success of the livestock undertakings, MSME operations, production and distribution of goods, education promotion activities in the district and efforts to maintain the number of students from the lower to higher grades, preparation for the success of the coming multi-party democracy general election, and the State's support for further improving the road transport sector in the district.



Senior General Min Aung Hlaing hears a report on products of MSMEs.



Senior General Min Aung Hlaing hears a report on maintenance and preservation of Bawbawgyi Pagoda.

The region chief minister presented a supplementary report on realization of the crop target in the district, and success of garden crops, efforts for the edible oil crops to hit the target, food sufficiency in the district, extension of irrigation capacity in the district, test cultivation of Paw-hsan-hmwe rice to find new export markets, oil crop cultivation and oil sufficiency, production, consumption and degree of sufficiency of meat, eggs, milk in the district, fish farming, production and sufficiency, the need to employ more education staff in the required places of the region, progress in realizing the directives of the Head of State, development under the Region.

Local elders, on behalf of

See Page - 19

●●From Page - 18

the local people, thanked the State for upgrading the sections of the Strand Road in Pyay, and asked for assistance to develop tourism of Pyay, upgrading the railroad, more loans from the State for development of MSMEs in the district, further acceleration of counternarcotic campaigns, providing policy guidelines for continuous progress of local cooking oil production industry and gaining more markets as the policies and directives have been observed for uninterrupted progress of the business, and presented the requirements for upgrading public restrooms and regional development.





Senior General Min Aung Hlaing inspects renovation of a building.

**Clarifications of union ministers**

Regarding the reports, the union ministers, Lt-Gen Tun Tun Naung, U Tin Oo Lwin, U Min Naung and U Ko Ko Lwin, explained ministry-wise endeavours, ongoing activities for peace, stability and rule of law in the whole country and administrative functions, number of crimes occurred in Bago Region during the time from 2021 to this date, and the year-wise decrease in crime rate, the ongoing nationwide counternarcotics campaigns that call for public involvement, security reinforcements for the success of the coming multi-party democracy general election, the collective participation in the people-centered security operations, ongoing activities for progress of Sri Kestra, systemization of its area, transportation facilitation, development of service and tourism businesses, restoration of the moats at the ancient city, a world heritage site, means to reduce animal feed imports as a byproduct (pulp) of the cooking oil industry can be turned into fodder, upgrading of oil mills and availability of State loans in accord with the rules, continued drilling and production of oil and gas in the area around Pyay, increase in its oil production, research on raising oil and gas production of Pyay mountain range oil producing zone, the existence of energy resources in the area around Pyay and the need to protect them. The region chief minister told local elders and entrepreneurs that the requirements will be fulfilled to the most possible degree at the earliest time, saying that the issues that needed the union level approval would be proceeded accordingly.

**Providing additional discussions on the presentations**

In response to the presentations, the Senior General stated that when they first took office, there was a shortage of education staff in the country because the majority had disloyally abandoned their workplaces. He noted that some education staff left their jobs due to being threatened, coerced, pressured, or influenced by political propaganda; therefore, the state gave them an opportunity by removing those who reported back from the list of workplace absentees. He emphasized that civil servants must be free from party politics and must serve their duties by clearly distinguishing between politics and national affairs. He added that education and health workers were the ones who abandoned their workplaces the most, and they had to overcome various difficulties and crises such as the COVID-19 pandemic, violence resulting from political conflicts, and the shortage of education staff when schools reopened through various means.He stated that civil servants must be free from party politics and must clearly distinguish between politics and national affairs, noting that regarding the drug suppression efforts mentioned in the presentations, the state's actively fighting against them. He emphasized that drug suppression can only succeed if the entire public participates alongside responsible organizations, and regarding the request to supervise the upgrading and cleanliness of public toilets, he noted that besides responsible staff, it's necessary to have a society and community that knows how to live and use facilities with discipline. Therefore, he added that basic rules are being taught starting from basic education schools since national discipline begins there, and he concluded by saying that only if everyone works together to maintain good national discipline can they shape and build a clean, beautiful, and systematic region, city, and nation.

**To promote the tourism sector**

Afterwards, while discussing regional development matters, the Senior General stated that the tourism sector includes accommodation, transportation, services, and the sale of souvenirs, noting that pilgrimage travel is the most common form of domestic tourism. He emphasized that it's necessary to attract tourists by implementing measures for regional development, cleanliness, beauty, and the provision of good services, adding that visitors to the region must be able to enjoy the local landmarks and scenic beauty with peace of mind and physical comfort. Therefore, he noted that every individual and household must work to create a clean and tidy environment, while departmental officials must bring about regional beauty by systematically maintaining roads, bridges, and buildings according to their respective offices and departments.He stated that to ensure proper urban drainage, it's necessary to clear away trash and think creatively about how to improve regional beauty, noting that locals also need to be disciplined and live according to established rules and laws. He emphasized that exceeding or failing to follow state-defined regulations creates limitations when implementing national development projects, though the state's actively encouraging tourism development. He added that flourishing tourism leads to increased domestic spending, generates non-trade income, boosts product sales, and increases the circulation of service-related businesses. Ultimately, he noted that these factors will lead to the socio-economic development of both the region and the nation.

**Encouraging domestic manufacturing industries based on agriculture and livestock**

He stated that while they've been carrying out state duties, they've encouraged domestic manufacturing and worked to boost economic strength, emphasizing that we must promote domestic production in line with the slogan "Let us encourage production for prosperity of the Nation." He noted that it's essential to manufacture high-quality products, as exporting domestic goods can significantly strengthen the nation's economy. He added that while successive governments have implemented numerous economic policies and guidelines for national development, some succeeded while others didn't meet expectations, and he further explained that the country's faced economic declines due to administrative weaknesses in political systems, economic sanctions, the emergence of black markets, the smuggling of natural resources, and climate change impacts.

Concerning the development of agriculture tasks, measures are being taken to meet the targeted goals per acre by conducting field research with farmers and fulfilling their needs. If targets are met, US$-8 billion more revenue will be generated. By making progress in manufacturing agricultural and livestock breeding products, the economic development of the country will be strengthened and imports can be reduced. The government has been spending a lot of money to import fuel and edible oils annually. It was learnt that edible oil sufficiency in Pyay district was more than 500 percent and efforts must be made to achieve more success.

Efforts must be made to produce more agricultural and livestock breeding products in Pyay district and Bago region. It is necessary to improve the quality of products as well as packaging systems and to substitute imports with domestic goods to meet standards. There are cotton production in Bago region and quality textile products must be manufactured. With regional agriculture and livestock breeding products, it is necessary to manufacture value-added finished products. Pyay district is required to carry out agriculture and livestock breeding tasks successfully and can transport the surplus to Yangon region.

**Holding free and fair multi-party democracy general election successfully**

A multi-party democracy general election will be held a few days later and everyone is urged to make concerted efforts for successfully holding the election. Preparatory measures are being taken to hold the free and fair multi-party democracy general election successfully and to enable all eligible voters to cast their votes and to prevent voting irregularities. It is necessary for us to make efforts not to lose those who are included in the electoral roll their voting rights. Voting or no voting is the will of the voters and it is the responsibility of the government to enable all voters to cast their votes. In casting

See Page - 20 ●●

●●From Page - 19

votes, the people are urged to vote for those who can serve the interests of the region and the country, respect our three main national causes, possess the union spirit and political, administrative, economic and security point of views and are able to cooperate with the Tatmadaw, the strongest institution in the country, as long as it lasts. Therefore, it is necessary to elect the right people and if the multi-party democracy path taken by the country is trusted, all eligible voters are required to cast their votes.

Then, the Senior General inspected the products and agricultural products of MSMEs in Pyay district displayed there and gave necessary instructions on reports of the officials.

Afterward, the Senior General and his wife and party arrived at the famous, ancient, historic Bawbawgyi Pagoda built by King Duttabaung southwest of Sri Ksetra ancient city and responsible officials from the Archaeology and National Archive Department reported to the Senior General on renovation of the pagoda in its original architecture.

After hearing the reports, the Senior General pointed out the needs to properly preserve the pagoda for long-lasting as it is an invaluable heritage, to regularly clear small plants growing on the main structure of the pagoda as they can damage it, to clear bushes surrounding the pagoda and plants afoot the big trees and others.

Then, the Senior General and his wife paid homage to the pagoda and offered flowers, water and lights before walking round the pagoda clockwise and giving instructions on preservation of the pagoda to officials.

Afterward, the Senior General and party inspected the restoration of the two-storey brick building in Letthe Yaykan Kyaungtaik (a) Thonepanhla Kyaungtaik damaged by the Mandalay earthquake in Hmawza Village Tracts in Sri Ksetra Pyu ancient city and gave necessary instructions on reports of the officials. 100

■■From Page - 21

recognition for the education of Tatmadaw family members are continuously provided, and the State also works to improve the nation's overall educational standards.

The Tatmadaw is carrying out the national defence duties and is an integral part of the State, while its personnel are also part of the people. **The Tatmadaw is the most steadfast organization ensuring the State's continued existence and must carry out national defense responsibilities hand in hand with the public. Therefore, soldiers should live and act in unity with the people.** The experiences they encounter should serve as lessons, guiding them to act well for themselves, for the Tatmadaw, and for the benefit of the nation.

A multi-party democratic general election will be held in the near future. In voting, it is important to choose and support candidates who can respect and uphold their responsibilities, genuinely serve the interests of their region and the nation, participate effectively in legislative work, and work together with the Tatmadaw to promote the country's welfare. After the election, the government that emerges will be entrusted with the nation's responsibilities. Therefore, everyone should collectively work to ensure the successful conduct of a free and fair multiparty democratic general election.

The Senior General presented foodstuffs for officers, other ranks and families of the station through the station commander while the wife of the Senior General gave financial aid for the station's maternal and child welfare association to the wife of the station commander.

The Senior General, his wife and party cordially greeted the attendee officers, other ranks and families.

At the local Tatmadaw hospital, the Senior General comforted officers, other ranks and People's Military Servants receiving medical treatments for injuries sustained in serving the State defence and security duties and asked about incidents of their injuries and healing the injuries individually and attended to their needs.

The Senior General also asked about the requirements of the hospital and fulfilled the needs.

The wife of the Senior General also comforted families of Tatmadaw members receiving medical treatments at the female medical ward and presented foodstuffs.

The Senior General and party viewed round the Pyay Station in a motorcade. 100

# 485 buildings used for online scam gambling in KK Park systematically demolished; equipment used in online scam gambling burned and destroyed

NAY PYI TAW December 21

The Myanmar government is carrying out clearance operations inside illegal buildings in the Shwe Kokko area and the KK Park area, where online scam gambling activities are most heavily concentrated. These operations include the systematic demolition of illegal structures and the destruction of seized items used in online scam gambling operations. The actions are being conducted by a joint task force comprising security forces, administrative bodies, and responsible local authorities.

As part of the ongoing crackdown on online scam gambling, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which had been used for online scam gambling activities, were further demolished today. As a result, out of a total of 635 illegal buildings in the KK Park area, 485 have now been systematically demolished.

In addition, to prevent illegal foreign nationals from residing in buildings and engaging in online scam gambling activities in Myawady town and surrounding areas of Kayin State, a joint task force comprising security personnel, administrative organizations, and local authorities has been conducting search and inspection operations since December 8. As of today, seven additional illegal single-storey buildings have been inspected, bringing the total number of buildings searched to 445. Among these, 12 buildings were identified as having been used for online gambling operations, and four buildings were sealed and confiscated today.

Before demolition | After demolition



An illegally constructed four-storey residential building in Section (3) of the KK Park area.



Scenes of clearing buildings that could had been used to shelter illegal foreign nationals.



Burning and destruction of equipment used in online gambling activities in the Shwe Kokko area, Myawady Township, Kayin State.

Furthermore, to ensure that equipment used in online scam gambling activities in the KK Park and Shwe Kokko areas of Myawady Township cannot be reused, such items were systematically burned and destroyed again today.

It is reported that the Government regards the eradication of online scam gambling as a national duty and will continue to take coordinated action, not only with domestic forces but also in cooperation with neighbouring countries' governments, to ensure that such activities cannot take root anywhere in Myanmar. 100

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Pyay Station



Senior General Min Aung Hlaing meets with officer, other ranks and families of Pyay Station.

NAY PYI TAW December 21

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning meet officers, other ranks and families at Mya Ayeya Hall in Pyay Station under the Southern Command.

Also present at the meeting were Daw Kyu Kyu Hla, the wife of the Senior General; Commission Secretary General Ye Win Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief and their wives, the commander of Southern Command, and officers, other ranks and families of Pyay Station.

At the meeting, the Senior General delivered a speech, saying that the Southern Command area has long been a region with a history of unrest, where insurgencies of KNU and BCP had previously been suppressed for many years. The situation later became stable. However, after the Tatmadaw assumed State responsibilities in 2021, PDF insurgents began carrying out terror acts. Therefore, the Tatmadaw had to undertake measures to restore stability and peace in the area.

In order for the Tatmadaw to serve its national defence duties, it must always remain "fit for fight." Every Tatmadaw member must maintain good health and physical strength. Therefore, daily physical fitness activities must be regularly practised. Tatmadaw members must eat and live in ways appropriate to their age so that they maintain a healthy and strong physique, and must continue individual physical training. Only when they are healthy and resilient will they be able to successfully perform their duties. Likewise, if they remain mindful in their movements—**being cautious when going and coming**—they will be able to prevent possible dangers in advance. Nothing is more important than vigilance.



Senior General Min Aung Hlaing asks after the health of a patient.

Courage is essential in combat. In fighting, Tatmadaw members must apply the military skills they have been trained in and use them effectively on the battlefield with bravery in order to fight successfully. Courage does not mean acting recklessly or foolishly, but acting with the determination and confidence to do what is right and necessary. Each Tatmadaw member must continuously train to become proficient in their respective fields of duty. For effective firing performance, they must also be fully skilled in handling and using the weapons and equipment assigned to them.

Constant practice is necessary to apply the military skills taught in training to real battlefield situations. In line with the policy of **"Study, Train, Obey,"** Tatmadaw members must continuously study the ever-advancing military sciences, regularly train to further improve the skills they have already learned, and always follow the established rules, regulations, orders, and instructions. To remain "fit for fight," they must consistently carry out their daily assigned duties. Reviewing the military skills they have been taught and performing their daily tasks are themselves forms of continuous training.

Regarding welfare and wellbeing, he said that just as the Tatmadaw provides support for soldiers' welfare, each individual must also manage their own income and expenses in a balanced and responsible manner. Tatmadaw members have to avoid, as much as possible, alcohol, betel quid, cigarettes and other indulgences, and to maintain self-discipline. As Tatmadaw members serve national defence duties at the risk of their lives, they have to value and take care of their own lives.

Everyone constantly works to improve their own lives, and those who put in strong effort are able to achieve greater progress. Therefore, individuals must take care of themselves and strive diligently for their personal development. Efforts have been made to enhance the education of Tatmadaw members. Similarly, the Tatmadaw continues to ensure that Tatmadaw members receive full salaries and allowances, proper provisions, and the means to live and dress in a manner befitting their ranks.

**Knowledge makes a good person, and skills make a capable person, emphasizing that formal education is necessary to develop knowledge.** Efforts must be made to enhance knowledge, skills, and educational attainment, as education elevates an individual's life. Therefore, people should regularly study books and literature that provide knowledge and stimulate thinking. Likewise, just as they promote the education of their own children, they should encourage reading books and materials that expand knowledge. He added that they want to help their children achieve a life better than their own. The necessary support and

**See Page - 20**

# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(တတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲများကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၌ စုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



နေပြည်တော်တိုင်း စစ်ဌာနချုပ်၌ စုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၌ စုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ သူများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



အနောက်မြောက် တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့တောင် တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို ဘားအံတပ်နယ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌လည်းကောင်း **စာမျက်နှာ ၂၃ သို့** ■

# (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ထလီ-ထီဖောင်း(မြောက်)-မြစိမ်း-TGC လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ထလီ-ထီဖောင်း(မြောက်)-မြစိမ်း-TGC လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်၌ ပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဘင်ခရာ/ပန်းဖွားအကအဖွဲ့များတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘင်ခရာ/ ပန်းဖွား အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နောင်ထလီ-ထီဖောင်း(မြောက်)-မြစိမ်း- TGC လမ်း ကတ္တရာလမ်းသစ်ကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက နောင်ထလီ - ထီဖောင်း (မြောက်) - မြစိမ်း - TGC လမ်း ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



အနောက်တောင် တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ စုပေါင်း လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ (တတိယပတ်) စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

■ **စာမျက်နှာ ၂၂ မှအဆက်**

အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## တောင်အာဖရိကတွင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် လူကိုးဦးသေဆုံး

**ဂျိုဟန်နက်စဘာ့၊ ရာဇဝတ်မှု**


တောင်အာဖရိကနိုင်ငံ အရှေ့ကိပ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် သေနတ်ကိုင်ဆောင်ထားသူများက ဝင်ရောက်ပစ်ခတ်သဖြင့် လူကိုးဦးသေဆုံးကာ ၁၀ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာလ ၂၀ ရက်တွင် ထုတ်ပြန်သည်။

ထိုပစ်ခတ်မှုသည် သီတင်းပတ်အကုန်တွင်လူနေအိမ်နှစ်လုံးအတွင်း ဖြစ်ပွားခြင်းဖြစ်ပြီး သေနတ်သမားများက အိမ်ထဲသို့ အဓမ္မ ဝင်ရောက်ပစ်ခတ်ခြင်းဖြစ်သည်။ သေဆုံးသူများတွင် အမျိုးသားငါးဦးနှင့် အမျိုးသမီးလေးဦး ပါဝင်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ထားရသည်။

ယခုတိုက်ခိုက်မှု၏ အကြောင်းရင်းကို တိကျစွာမသိရသေးသော်လည်း ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနိုင်ရန် အထူးစစ်ဆင်ရေးဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။ တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်တွင် လူသတ်မှုဖြစ်ပွားသည့်ပမာဏ အမြင့်မားဆုံးနိုင်ငံများထဲတွင် ပါဝင်နေပြီး ယခုကဲ့သို့ လူအစုလိုက်အပြုံလိုက် ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref: BP

## ဂျပန်နိုင်ငံ၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးကြိုးပမ်းမှု နိုင်ငံအတွက်အကျိုးရှိမည်မဟုတ်ဟု ဝန်ကြီးချုပ်ဟောင်းပြော



**တိုကျို၊ နိုင်ငံရေး**

ဂျပန်နိုင်ငံက နျူကလီးယားလက်နက်များကိုပိုင်ဆိုင်ရန် ကြိုးပမ်းခြင်းသည် နိုင်ငံအတွက် မည်သည့်အခါမျှ အကျိုးဖြစ်ထွန်းစေမည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှီဂဲရုအီရှီဘာကပြောသည်။

လက်ရှိဝန်ကြီးချုပ် ဆာနာအီတာကာအီချီ ဦးဆောင်သော အစိုးရအဖွဲ့အတွင်းမှ လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦး၏ "ဂျပန်နိုင်ငံသည် နျူကလီးယားလက်နက်ပိုင်ဆိုင်သင့်သည်" ဟူသော အငြင်းပွားဖွယ်ပြောဆိုချက်အပေါ် ဝန်ကြီးချုပ်ဟောင်းက တိုက်ရိုက်တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

၎င်းက ရုပ်သံအစီအစဉ်တစ်ခုတွင် ပြောရာ၌ "အကယ်၍ ဂျပန်က နျူကလီးယားလက်နက်ပိုင်ဆိုင်ဖို့ လုပ်ဆောင်မယ်ဆိုရင် ကျွန်တော်တို့ဟာ နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်နဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ကနေ မဖြစ်မနေနုတ်ထွက်ရလိမ့်မယ်"ဟု ထောက်ပြခဲ့ခြင်းဖြစ်သည်။

ထိုသို့ နုတ်ထွက်ရလျှင် ဂျပန်၏စွမ်းအင်လိုအပ်ချက်ကို အဓိကအထောက်အပံ့ပေးနေသည့် လက်ရှိနျူကလီးယားစွမ်းအင်ဆိုင်ရာမူဝါဒများမှာ ရှေ့ဆက်၍မဖြစ်နိုင်တော့ဘဲ ရပ်ဆိုင်းသွားမည့်အန္တရာယ်ရှိကြောင်း၊ ထို့ကြောင့်နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းသည် ဂျပန်အတွက် မည်သည့်နည်းနှင့်မျှ အကျိုးကျေးဇူးရှိမည်မဟုတ်ကြောင်း ရှီဂဲရုအီရှီဘာက အလေးပေးပြောထားသည်။

Ref: Xinhua

## နှစ်ဦးသဘောတူဆန္ဒရှိပါက မက်ခရွန်နှင့် တွေ့ဆုံဆွေးနွေးရန် ပူတင်အသင့်ရှိဟု ရုရှားထုတ်ပြန်

**မော်စကို၊ နိုင်ငံရေး**

နိုင်ငံရေးအရ နှစ်ဦးနှစ်ဖက် ဆွေးနွေးလိုသောဆန္ဒရှိပါက ရုရှားသမ္မတ ဗလာဒီမာပူတင်အနေဖြင့် ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က သတင်းဌာနများသို့ ပြောလိုက်သည်။

ပြီးခဲ့သည့် သီတင်းပတ်အကုန် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးအပြီးတွင် မက်ခရွန်က ယူကရိန်း၌ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများ မအောင်မြင်ပါက ရုရှားနှင့်ဆွေးနွေးရန် ပြင်ဆင်ထားသင့်ကြောင်း ထုတ်ဖော်ပြောထားသည်။ ထို့နောက် ပက်စကော့က မက်ခရွန်၏ပြောဆိုချက်ကို အပြုသဘောရှုမြင်ကြောင်းနှင့် ဆွေးနွေးမှုများမှာလိုအပ်ပြီး အကျိုးရှိနိုင်ကြောင်းဆိုသည်။ ပြင်သစ်သမ္မတကလည်း ဥရောပသမဂ္ဂအနေဖြင့် ရုရှားနှင့်ဆွေးနွေးရာတွင်တူညီသောအခြေခံမူဝါဒများ ကြိုတင်ချမှတ်ထားရန် လိုအပ်ကြောင်းပြောထားသည်။ Ref: Xinhua

## အနောက်ဘက်ကမ်းတွင် အခြေချနေရာအသစ် ၁၉ ခုတည်ဆောက်ရန် အစ္စရေးအစိုးရ အတည်ပြု

**ဂျေရုဆလင်၊ အခြေချနေထိုင်ရေး**

အစ္စရေးအစိုးရက သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသအတွင်း အခြေချနေရာအသစ် ၁၉ ခု တည်ဆောက်သွားရန် ဒီဇင်ဘာလ ၂၁ ရက်တွင် အတည်ပြုလိုက်သည်။ ယခုကဲ့သို့အခြေချနေရာအသစ်များ တိုးချဲ့ခြင်းသည် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ အစ္စရေးအပေါ် နိုင်ငံတကာတရားရုံးများတွင်တရားစွဲဆိုရန် ကြိုးပမ်းမှုများကို လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု အစ္စရေးအစိုးရကဆိုသည်။

ဝန်ကြီးချုပ် နေတန်ယာဟု၏ လက်ယာယိမ်းအစိုးရသည် ယင်းဒေသ၌ အစ္စရေးတို့၏ ထိန်းချုပ်မှုပိုမိုခိုင်မာစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းကမူ အနောက်ဘက်ကမ်းတွင် အခြေချနေရာအသစ်များတည်ဆောက်ခြင်းသည် နိုင်ငံတကာဥပဒေနှင့် မညီညွတ်ဘဲ အနာဂတ်ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဟန့်အတားဖြစ်စေကြောင်း ပြင်းထန်စွာ ဝေဖန်ထားသည်။ Ref: ST

## ဗင်နီဇွဲလားမှ ရေနံတင်သင်္ဘောတစ်စင်းကို အမေရိကန်တပ်ဖွဲ့များက ကြားဖြတ်သိမ်းဆည်း




**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်အစိုးရ၏ ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်သည်ဟုဆိုကာ ဗင်နီဇွဲလားနိုင်ငံမှထွက်ခွာလာသည့် ရေနံတင်သင်္ဘောတစ်စင်းကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့်ရေတပ်က ဒီဇင်ဘာလ ၂၀ ရက်တွင် ကြားဖြတ်သိမ်းဆည်းလိုက်သည်ဟုသိရသည်။

အမေရိကန်ပြည်ထဲရေးဝန်ကြီးက ယခုစစ်ဆင်ရေးကို ဒီဇင်ဘာလ ၂၀ ရက်အစောပိုင်းတွင်ပြုလုပ်ခြင်းဖြစ်ကြောင်း အတည်ပြုထားပြီး ဗင်နီဇွဲလားမှထွက်ခွာလာသည့် အဆိုပါရေနံတင်သင်္ဘောကို ဖမ်းဆီးထိန်းသိမ်းသည့်ရုပ်သံဖိုင်ကိုလည်း လူမှုကွန်ရက်တွင်ထုတ်ပြန်ခဲ့သည်။ ၎င်းက "ဒေသတွင်းမှာ မူးယစ်အကြမ်းဖက်မှုကို ထောက်ပံ့နေတဲ့ ပိတ်ဆို့ခံရေနံတွေ တရားမဝင်သယ်ယူပို့ဆောင်မှုကို အမေရိကန်က ဆက်လက်နှိမ်နင်းသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခု သိမ်းဆည်းခံရသည့်သင်္ဘောမှာ ပနားမားနိုင်ငံအလံကို လွှင့်ထူထားသော "Centuries" အမည်ရှိ သင်္ဘောဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံမှ ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၈ သန်းကျော် တင်ဆောင်ကာ အာရှနိုင်ငံများသို့ ဦးတည်ခုတ်မောင်းမည်ဟုသိရသည်။ ယခုဖြစ်စဉ်သည် သီတင်းပတ်နှစ်ပတ်အတွင်း အမေရိကန်က ဒုတိယမြောက် ရေနံတင်သင်္ဘောသိမ်းဆည်းမှုဖြစ်ကြောင်းသိရသည်။ Ref: Xinhua

## ထိုင်းနှင့်နယ်စပ်ပဋိပက္ခကြောင့် ကမ္ဘောဒီးယားမှ နေရပ်စွန့်ခွာဒုက္ခသည် ငါးသိန်းကျော်ရှိလာ

**ဖနွမ်းပင်၊ စစ်ရေး**

ထိုင်းနိုင်ငံနှင့်ဖြစ်ပွားနေသည့် ပြင်းထန်သော နယ်စပ်ပဋိပက္ခများကြောင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း နေရပ်စွန့်ခွာထွက်ပြေးရသူဒုက္ခသည်ဦးရေမှာ ငါးသိန်းကျော်အထိ မြင့်တက်လာကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

"လက်ရှိမှာ အမျိုးသမီးနဲ့ကလေးငယ်တွေအပါအဝင် ကမ္ဘောဒီးယားပြည်သူ ၅၁၈၆၅၁ ဦးဟာ ထိုင်းနိုင်ငံဘက်က လေကြောင်းဗုံးကြဲမှုတွေနဲ့ လက်နက်ကြီးပစ်ခတ်မှုတွေကြောင့် ဘေးလွတ်ရာကို တိမ်းရှောင်နေရပါတယ်"ဟု ဝန်ကြီးဌာနက ဆိုသည်။ တစ်ဖက်တွင်လည်း ထိုင်းနိုင်ငံသား လေးသိန်းခန့်မှာ နယ်စပ်ဒေသများမှ စွန့်ခွာနေရကြောင်း သိရသည်။ ယခုဖြစ်ပွားနေသောတိုက်ပွဲများအတွင်း နှစ်ဖက်စလုံးမှ တင့်များ၊ ဒရုန်းများနှင့် အမြောက်တပ်ဖွဲ့များကိုအသုံးပြု၍ အပြင်းအထန်တိုက်ခိုက်နေခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား ကီလိုမီတာ ၈၀၀ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်ရှိ ရှေးဟောင်းဘုရားကျောင်း နယ်မြေပိုင်ဆိုင်မှုအငြင်းပွားရာမှစတင်သော စစ်ရေးတင်းမာမှုကြောင့် နှစ်ဖက်စစ်သည်၄၀ ကျော်သေဆုံးခဲ့ပြီဖြစ်သည်။ ဒေသတွင်းနှင့် အင်အားကြီးနိုင်ငံများက အပစ်အခတ်ရပ်စဲရန် တိုက်တွန်းထားဆဲဖြစ်ကြောင်း သိရသည်။ Ref: ST



# တရားမဝင် ခဲသတ္တုများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ခဲသတ္တုတင်မော်တော်ယာဉ်များ၊ ရေနံစိမ်းများ၊ ကုန်ပစ္စည်းတင်မော်တော်ယာဉ်၊ တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ရေယာဉ်များဖမ်းဆီးရမိ


လိုင်စင်မဲ့မော်တော်ယာဉ် (Nissan Diesel Truck 2010 Model)

ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



Tattoo Cartridge Needles



Smart Electric Dispenser Feeding Machine

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၉ ရက်**တွင် စစ်ကိုင်းမြို့နယ် စိန်ကုန်းရပ်ကွက် ရွှေလေးကျွန်းဓမ္မာရုံအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၆၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၇ ရက်**တွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အမှတ်(၁)ရပ်ကွက်ပြည်ထောင်စုလမ်းမကြီးအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ မသန့်စင်ရသေးသော တရားမဝင်ခဲသတ္တု ပိဿာ (၁၅၇၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀၀၀)နှင့် အဆိုပါခဲသတ္တုများ တင်ဆောင်လာသည့် Hyundai Bus (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ **ဒီဇင်ဘာလ ၁ ရက်**တွင် မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၂၁၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၈ ရက်**တွင် သာယာဝတီမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၂ ရက်နှင့် ၆ ရက်**တို့တွင် မော်လမြိုင်မြို့နယ် ဈေးကြို့ရပ်ကွက် မုဒုံ-မော်လမြိုင်သွားကားလမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၈၂၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၇၉၂၀၀)ကိုလည်းကောင်း၊ ပေါင်မြို့နယ်၊ ကော့စိုင်ကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၉၅၀၀၀)ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာ၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၄၂၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်ကြားကားလမ်းအနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၆၆၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ်မိုးကောင်းကျေးရွာအနီး၌မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၈)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၅၀၄၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၉၆၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့နယ် မုပွန်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၅၆၄၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၈ ရက်**တွင် မရမ်းကုန်းမြို့နယ် မြန်မာ့စာတိုက်လုပ်ငန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသည့်ချောထုပ်(၁)ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၀၀၀၀) ကိုလည်းကောင်း၊ **ဒီဇင်ဘာလ ၉ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၈)မျိုး၊ လျှပ်စစ်ပစ္စည်း (၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၉၈၂၈၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၃၀၀၄၈၂၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၂၇ ရက်၊ ဒီဇင်ဘာလ ၁ ရက်၊ ၂ ရက်၊ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၆၁၂၄၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၉ ရက်နှင့် ၁၀ ရက်**တို့တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၀၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၉ ရက်**တွင် မင်းဘူးမြို့နယ် အောက်ကျောင်းကျေးရွာ ဧရာဝတီမြစ်ကြောင်းအတွင်း၌ ရေယာဉ်(၁)စင်းပေါ်မှ တရားမဝင် ရေနှင့် ရေနံစိမ်းရောရာ ဂါလန် (၉၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် စက်တပ်သစ်သားလှေ(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ ငဖဲမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၅၀၀၀)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၈ ရက်နှင့် ၉ ရက်**တို့တွင်အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မြစ်သားမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၄)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၄)စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၃၆၀၃၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၉ ရက်နှင့် ၁၀ ရက်**တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၀ ရက်တွင်ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် San Shwe Myint Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လျှပ်စစ်ပစ္စည်း(၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၈၉၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၈၉၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်**တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၃၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၈၄၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၉ ရက်တွင်မြစ်ကြီးနားမြို့နယ်ရမ်ပူရပ်ကွက် နယ်မြေ(၂၃) အမှတ်(၃၃၀)ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၄၈၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အပြင်ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၀ ရက်တွင် ဖြူးမြို့နယ် အတွင်း၌ တရားမဝင်

**စာမျက်နှာ ၂၆ သို့ ➢**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

➢ **စာမျက်နှာ ၂၅ မှအဆက်**

အခြားသစ်(၁ ဒသမ ၃၁၆)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၄၄၅၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၇ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ချက်ကျေးရွာအနီး ဆိုင်းစုကျေးရွာ ဆိုင်းစုကွင်းအမှတ်(၇၀၀)၌ တရားမဝင်မြစ်ကျောက်စရစ်ထုတ်ယူသည့် လိုင်စင်ရှိရေယာဉ်(၁၀)စင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၅ ရက်နှင့် ၉ ရက်တို့တွင် အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၅)စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာ၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၄၉၀၀၀)ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၇)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၈၃၅၂၈၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၅၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၄၄၉၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် ကြာပန်းကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၉၅၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ကမာစိုင်ကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၅၅၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူဘုရားအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၂၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၃၄၆၄၈၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် အောက်ကျင်းရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၁၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မလော့ချောင်ကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၅၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၀၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၄၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ဒညင်းကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၉)မျိုး၊ လျှပ်စစ်ပစ္စည်း အမျိုး(၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၃၉၆၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ဘိုးလှကြီးရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၄၀၀၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၂၈၉၆၇၁၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၈ ရက်နှင့် ၉ ရက်တို့တွင် တာမွေမြို့နယ် ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ်(၁ ဒသမ ၇၉၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၃၇၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၃၁၃၇၆)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၁၁ ရက်တွင်ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း၌ ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်(၁)ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၆၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၇)မျိုး၊ လျှပ်စစ်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၂၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နှင့် ၄ ရက်၊ ၅ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၄၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၃၂၆၆၇၂၈) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည်အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**မြဝတီ**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
"မှန်ဆည် မြန်ဆည် မြဝတီ"
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay
Phone No : (01) 2301367, 2301368, (01) 2301452, 2301378
24
(01) 2301421, (01) 2317166


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
LIFE
SODA
LEMON
YANGON
TRISTAR
SUGARMEC
Lemon Tea
PYIN OO LWIN NAN MYAING
STARMART nine mile Showroom

# ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးအား စတုတ္ထအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားအနေကဇာတင် ရေစက်ချအလှူမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၁

ပျဉ်းမနားမြို့ သမိုင်းဝင်ဘုရားကိုးဆူစေတီတော်မြတ်ကြီးအား စတုတ္ထအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားအနေကဇာတင် ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကိတ္တိသာရနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုသလတို့အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာများ၊ ဘုရားကိုးဆူဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များက အနေကဇာတင်လှူပူဇော်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကာ ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘုရားကိုးဆူဂေါပကအဖွဲ့ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လျှောက်တင်ပြီး ဆရာတော်ဘဒ္ဒန္တကုသလထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အားကစားကွင်း၌ ကျင်းပသည့် (၇၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့အကြို အမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုနှင့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် နေပြည်တော်အားကစားရုံ၌ ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၅°C | / ၃၁°C |
| ရန်ကုန် | ၁၆°C | / ၃၂°C |
| မန္တလေး | ၁၅°C | / ၃၀°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**




### မွေးသက္ကရာဇ်အမှန်
နတ်မောက်မြို့နယ်၊ ပေပင်ကုန်းကျေးရွာနေ (ဘ)ဦးညဏ်မြ၏သမီး ဒေါ်ပိုင်းကြည် ၈/နမန(နိုင်)၁၉၇၂၀၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၁၉၆၇ ဖြစ်ပါကြောင်း။
၁၀-၆-၁၉၆၇

### ပျောက်ဆုံးကြောင်း
နန်းခမ်းခင်(ဘ)ဦးကော် ၁၃/လရန(နိုင်)၁၇၁၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၄၃၁၀၄၀

### မွေးသက္ကရာဇ်အမှန်
လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်နေ (ဘ)ဦးထွန်းထွန်း၏သမီး မဖြိုးသဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။
၂၉-၁၀-၂၀၀၆

### ပျောက်ဆုံးကြောင်း
ဦးထိန်လင်းအောင်(ဘ)ဦးလှဇင် ၉/မထလ(နိုင်)၀၀၀၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မအပ်ရှင်(ဘ)ဦးကျော ၁၃/လရန(နိုင်)၁၃၁၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ သာယာကုန်း(၂)လမ်း၊ ဦးပိုင်အမှတ်(၇၉/၁)၊ အကွက်အမှတ်(၁၃-ဈ/နန်းတော်ကုန်းရပ်)နေ ဒေါ်ခင်ရီ(၉/မထလ(နိုင်)၁၄၄၁၉၈)ကိုင်ဆောင်သူမှ (အလျား ၂၀'-၀"x အနံ ၄၀'-၀")RC(၂)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ မုခ်ဦးနှင့် ရဟန်းဒါယကာကြီး ဦးစိန်တူ(စဥ့်ကူး) အသက်(၈၇)နှစ်
မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာနေ (ဦးဘကြီး-ဒေါ်ဒေါင်းခင်)တို့၏သား၊ ဒေါ်မြသီ(အ.ထ.ပြ)(ငြိမ်း)(အ.ထ.က-စဥ့်ကူး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်ငွေ-ဒေါ်ခင်နှင်းနု၊ ဒေါ်သက်သက်ခိုင်၊ ဦးကျော်သူ-ဒေါ်ဇင်မာဦး၊ ဦးစံမင်းထွန်း-ဒေါ်လှိုင်သဇင်၊ ဦးကြည်မင်းဟန်-ဒေါ်မေသဇင်စိုးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး(၁၀)ယောက်တို့၏အဘိုး၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေနှင်းဆီ(၃)လမ်းနှင့် စန္ဒာလမ်းထောင့်၊ အမှတ်(ဒ-၃၁၅၃၁)၊ “သုခမြိုင်”နေ ဦးစိန်တူ(စဥ့်ကူး)သည်(၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်)၂၁-၁၂-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၀၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၂၂-၁၂-၂၀၂၅ ရက်(တနင်္လာနေ့)မွန်းလွဲ ၁၃:၀၀ နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)
ကျန်ရစ်သူမိသားစု

### ပျောက်ဆုံးကြောင်း
မယမင်းစုလွင်(ဘ)ဦးဝင်းလွင် ၉/မထလ(နိုင်)၁၈၉၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ဒေါ်နီလာလွင်(ဘ)ဦးစောလွင် ၉/မထလ(နိုင်)၁၆၂၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မရဲရင့်သံစဉ်(ဘ)ဦးထိန်လင်းအောင် ၉/အမဇ(နိုင်)၁၁၆၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ထက်ထက်ဝင်း(ဘ)ဦးဆန်းဝင်း ၇/ဖမန(နိုင်)၁၈၂၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 632686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
စောဟိန်း(ဘ)ဦးချစ်လှိုင် ၂/လကန(နိုင်)၀၆၇၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၁၁၅၁၆၂

### ပျောက်ဆုံးကြောင်း
ကျော်ဇင်သက်(ဘ)ဦးတင့်ရွှေ ၇/ဖမန(နိုင်)၂၆၁၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၂၁၂၃၂၇

### ပျောက်ဆုံးကြောင်း
အောင်စိုးလင်း(ဘ)ဦးကျော်စိုးလှိုင် ၈/နမန(နိုင်)၂၁၉၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ငွေဖြိုးမောက်(ဘ)ဦးဝင်းခိုင် ၇/ပခန(နိုင်)၄၆၅၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME417663)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကြူကြူသင်း(ဘ)ဦးသန်းလွင် ၈/အလန(နိုင်)၁၆၃၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၃)လမ်းတောင်၊ အမှတ်(၂၃၆)နေ သုတအောင်(ဘ)ဦးအောင်ကိုကိုမြတ် ၁၂/သကတ(နိုင်) ၂၂၂၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 282847)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၁၄၆၆၈၅

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ မိုးညှင်းမြို့နေ ဒေါ်ခင်ညိုမြင့်(ဘ)ဦးသိန်းဖေ ၁/မညန(နိုင်)၀၃၂၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၀၂၆၄၃၅

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ ဖားကန့်မြို့နေ မောင်နော်ဆန်း(ဘ)ဦးအောင်မိုးဝင်း ၁/မကန(နိုင်)၁၈၅၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၀၂၆၄၃၅

### ပျောက်ဆုံးကြောင်း
ပုဏ္ဏားကျွန်းမြို့၊ ရွာဟောင်းရပ်ကွက်နေ စိုးစိုးအေး(ဘ)ဦးကျန်မောင် ၁၁/ပဏတ(နိုင်)၀၃၂၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၄၇၈၀၀၀

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့နေ အေးအေးမိုး(ဘ)ဦးအောင်ကိုလတ် ၇/တငန(နိုင်)၁၉၇၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လေးမျက်နှာမြို့၊ ဝတ်ကုန်းအုပ်စု၊ ကြို့ပင်စုရွာနေ မောင်ချော(ဘ)ဦးသိန်းမြင့် ၁၄/လမန(နိုင်)၀၉၉၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သိမ့်ဟန်နီထွန်း(ဘ)ဦးရဲထွန်း ၁၂/မဂတ(နိုင်)၁၀၂၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 466844)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
စိုးမင်းလတ်(ဘ)ဦးတင်မြင့် ၇/ပခန(နိုင်)၃၈၄၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျော်ထက်(ဘ)ဦးမြင့်နိုင်စိုး ၈/ဆဖန(နိုင်)၁၀၅၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေးအမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၂၃-၃-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal(www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၁၂-၂၀၂၅ ရက်နေ့မှ ၈-၂-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသောတပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၄၈၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ K K Parkနယ်မြေအပိုင်း ၃ မှ အဆောက်အအုံများကို ဖြိုချဖျက်ဆီးနေမှုအား တွေ့မြင်ရစဉ်









တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ခိုအောင်းနေထိုင်နိုင်သည့် အဆောက်အအုံများအား ရှင်းလင်းနေမှုကိုတွေ့ရစဉ်။



ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် ၄ ထပ် အဆောက်အအုံ ၃ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၈၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် ၁ ထပ်အဆောက်အအုံ ၇ လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့သဖြင့် ယနေ့အချိန်ထိ အဆောက်အအုံစုစုပေါင်း ၄၄၅ လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ အွန်လိုင်းလောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၂ လုံးအားစစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့တွင် အဆောက်အအုံ ၄ လုံးကို စတင်ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်းစနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သာယာဝတီ ဒီဇင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ လက်ပံတန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့အတွင်း ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုး၊ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြတ်စိုးနှင့် တာဝန်ရှိသူများသည် လက်ပံတန်းမြို့နယ်၌ အရှည် ၅ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၈ လက်မရှိ သိုက်ဝါးချောင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းနှင့် ကြို့ပင်ကောက်မြို့နယ်၌ အရှည် ၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၂ ပေရှိ တမံကြီး-၄ကုပ်ပျောတောလမ်းမြေသားတာပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဇီးကုန်းမြို့နယ်၌ အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ဇီးကုန်း-လေးမျက်နှာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါမြို့နယ်သုံးမြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေမိသားစုဝင်များ ရာသီမရွေး သွားလာရေးလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်းသိရသည်။

ချိုသန်းညွန့်(ကျေးလက်)

❖ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲဖြစ်ပါတယ်. . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့်အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြည်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား မြရောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က **စာမျက်နှာ ၁၆ ကော်လံ ၁ ➲**

## ထိုင်းနိုင်ငံတွင်ကျင်းပမည့် AFF U-16 နှင့် U-19 အမျိုးသားဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ထိုင်းနိုင်ငံတွင်ကျင်းပမည့် AFF U–16 နှင့် U–19 အမျိုးသား ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် U–16 အမျိုးသားဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးကျော်ဇင်ညွန့်က တာဝန်ယူကိုင်တွယ် လျက်ရှိပြီး အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘရူနိုင်း၊ အိမ်ရှင်ထိုင်း အသင်းတို့နှင့် အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆိုပါ U–16 အမျိုးသားဖူဆယ်အသင်းသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် **စာမျက်နှာ ၁၅ ကော်လံ ၃ ●**

## KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီး

စာ ၁ – ၃၀ သို့

